မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံညောင်ဦး၌ ဘုရားများဖူးမြော်ကြည်ညို၊ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပုဂံညောင်ဦး၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ပုဂံညောင်ဦး၌ ဘုရားများအား ဖူးမြော်ကြည်ညိုသည်။

ကပ်လှူပူဇော်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လောကနန္ဒာစွယ်တော်ဘုရားသို့ရောက်ရှိကြပြီး ဘုရားအား ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

လှည့်လည်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစွယ်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဘုရားအား လက်ယာရစ် လှည့်လည်ကြည်ညိုသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

အာနန္ဒာဘုရားလိုဏ်အတွင်း လှည့်လည်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာနန္ဒာဘုရားလိုဏ်အတွင်း လှည့်လည်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်)

ကျန်းမာသန်စွမ်းသည့် နိုင်ငံ့သားကောင်းများဖြစ်ရန် ကြိုးပမ်း ထိရောက်သောကာကွယ်မှုဖြင့် ရောဂါဘယကင်းဝေးရန် ပြုမူနေထိုင်

ကျန်းမာရေးသည် လူသားများအတွက် တန်ဖိုးအထားရဆုံး ရလဒ်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံသူနိုင်ငံသားများ ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုသည် တန်ဖိုးမဖြတ်နိုင်သည့် ဂုဏ်ဒြပ်လည်း ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုအတွက် ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်ရေးနှင့် ရောဂါဘယ ကင်းရေးကို ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည်။

ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ် တားဆီးခြင်း၊ ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိသည်။

ယနေ့အချိန်အခါမှာ အဓိကရောဂါကြီးခြောက်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သော အဆုတ်ရောဂါသည် ကူးစက်ရောဂါပိုးများအနက် လူအသေ အပျောက်များသော တီဘီရောဂါပိုးဖြစ်သည်။ အသက်အရွယ်မရွေး ဖြစ်နိုင်ပြီး အသက် ၁၅နှစ်မှ ၅၉နှစ်အတွင်း အဖြစ်များသည်။

တီဘီရောဂါသည် စနစ်တကျကုသမှုခံယူပါက ပျောက်ကင်းသောရောဂါဖြစ်သော်လည်း ယခုအခါ တစ်ကမ္ဘာလုံးတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက် ခံရမှုကြောင့် တီဘီရောဂါအဖြစ်များလာခဲ့သည်။ သို့သော် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူ၌ တီဘီရောဂါပိုးရှိနေသော်လည်း စနစ်တကျကုသမှုကို ခံယူပါက ပျောက်ကင်းနိုင်သည်။

တီဘီရောဂါပိုးကူးစက်ခံရသူတိုင်း တီဘီရောဂါဖြစ်ပွားလေ့မရှိဘဲ မိမိ၏ကိုယ်တွင်းခုခံအား ကောင်းမွန်မှုပေါ်တွင် မူတည်သည်။ မျိုးရိုး လိုက်သော ရောဂါလည်းမဟုတ်။ တီဘီရောဂါပိုးအား ခုခံနိုင်စွမ်းအားစုမှာ ကူးစက်ခံရသူ၏ အသက်အပိုင်းအခြား၊ အာဟာရဓာတ်ပြည့်ဝမှုအခြေအနေ၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုရှိ မရှိ၊ ကိုယ်တွင်းခုခံစွမ်းအားများကို ဆေးဝါး သို့မဟုတ် ရောဂါကြောင့် ဖိနှိပ်ထားခြင်းခံရမှုရှိ မရှိနှင့် လူမှုစီးပွားရေး အခြေအနေများပေါ်တွင် မူတည်သည်။

ယခုအခါ တီဘီရောဂါနှင့်စပ်လျဉ်း၍ ကုထုံးသစ်များပေါ်ပေါက်လျက်ရှိရာ ရောဂါပျောက်ကင်းမှုသည် ဝေဒနာရှင်များ၏ဆေးဝါးကုသမှု မှန်ကန်မှု၊ စနစ်တကျကြီးကြပ်မှုပေါ်၌ အဓိကမူတည်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များ ကုလသမဂ္ဂထောင်စုနှစ်၊ နှစ်ရှည်ရည်မှန်းချက်များကို အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ပြည်သူများ၏ကျန်းမာရေးကို ရည်မှန်းချက်အတိုင်း ဖော်ဆောင်လျက်ရှိရာ ရောဂါဖြစ်ပွားခဲ့ပါက ထိရောက်စွာ ကုသမှုကိုခံယူပါလျှင် ရောဂါဘယကင်းပြီး နိုင်ငံတော်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအား ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Industrial Engineering TD က ကြီးမှူးကျင်းပသည့် Managing A Maritime University နှင့် ပတ်သက်သည့် ဟောပြောပွဲကို ဒီဇင်ဘာ ၂၀ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၁၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၁၅ ၄။ မဟာဂီတ ချိုကြည်မြ
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ရှင်သန်နေသောသီချင်းများ (Living Songs)
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၁၇)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံ ပဋိညာဉ်စာတမ်း စတင်အသက်ဝင်သော အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး တက်ရောက်ပြီး ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၌ ဒီဇင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ဆွေးနွေးခဲ့

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ၁၄ရက် ညပိုင်းတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်မည့်ရက် သတ်မှတ်ရေးကိစ္စနှင့် အခြားကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်မှ ၂၆ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပရန် သဘောတူခဲ့ကြသည်။

အာဆီယံပဋိညာဉ်စာတမ်း စတင်အသက်ဝင်သော အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ၁၅ရက် နံနက်၉နာရီတွင် ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၊ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်မှ ၂၆ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပရေးကိစ္စနှင့် စပ်လျဉ်းပြီး ဆွေးနွေးကြသည်။ ထို့အပြင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဖွဲ့စည်းရေးကိစ္စ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တိုးချဲ့ဖွဲ့စည်းရေးနှင့် ဘတ်ဂျက်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **အမှိုက်ထဲကရွှေ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၇:၅၀-၁:၅၀ နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ (အပိုင်း-၁)
- ၈:၁၀-၂:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅-၂:၁၅ VJ Choice
- ၈:၃၅-၂:၃၅ အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi meter
- ၈:၅၀-၂:၅၀ Art Vision (Beyond The Rain Exhibition)
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ် နှင့် ဆွေးနွေးခန်း)
- ၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၀-၃:၅၀ အနားယူအပန်းဖြေစရာ စိမ်းလန်းစိုပြည်ဥယျာဉ်မှာ
- ၁၀:၀၀-၄:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅-၄:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀-၄:၁၀ **ရေမွှေးနှင်းဆီ** (ဇေယျ၊ ထွန်းထွန်းနိုင်၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ဝိုင်း)
- ၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅-၅:၀၅ ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
- ၁၁:၂၀-၅:၂၀ မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း
- ၁၁:၄၀-၅:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၅-၅:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၁၂:၀၀-၆:၀၀ ရေ…သို့မဟုတ် သန့်စင်၊ ကြည်လင်၊ အေးမြခြင်း
- ၁၂:၂၀-၆:၂၀ တေးဂီတအစီအစဉ်
- ၁၂:၂၅-၆:၂၅ ဓာတ်ပုံထဲမှ အမှတ်တရများ (အနဂ္ဂ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖျာပုံမြို့ ပထမလမ်း အမှတ်၄၀နေ ဦးကြီးစိန်-ဒေါ်အေးကြည်မိသားစုက မိဘများအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) စောင့်ရှောက်ရေး သူနာပြု ဒေါ်ယဉ်သီတာ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့်နည်းလမ်းများအတိုင်းဆက်လက်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဒီဇင်ဘာ၁၅ရက် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် နွယ်ရောက်ကျေးရွာသို့ရောက်ရှိပြီး နွယ်ရောက်ကျေးရွာ၊ ကျွန်းဖိုကုန်းကျေးရွာနှင့် ကံပေါက်ကျေးရွာ သုံးရွာတို့မှ ဒေသခံပြည်သူ ၁၇၀၀ကျော်နှင့် တွေ့ဆုံသည်။

ညှိနှိုင်းဆောင်ရွက်

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နွယ်ရောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ စာစောင်များကို နွယ်ရောက်ကျေးရွာစာကြည့်တိုက်၊ ကံပေါက်ကျေးရွာ စာကြည့်တိုက်များအတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် နွယ်ရောက်ကျေးရွာ နွယ်သစ်မွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ကြည့်ရှုပြီး စာကြည့်တိုက်မြေနေရာတွင် အခိုင်အမာ စာကြည့်တိုက်တည်ဆောက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် ရွာထင်ကျေးရွာသို့ ရောက်ရှိပြီး ရွာထင်ကျေးရွာ၊ ရွှေလောင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ ကြိုးကြာဥကျေးရွာ၊ ရွာသာကျေးရွာနှင့် လိန်ကုန်ကျေးရွာ ကျေးရွာခြောက်ရွာတို့မှ ဒေသခံပြည်သူ ၁၁၀၀ကျော်နှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးလက်မီးလင်းရေး၊ ကျေးလက်လမ်း ဆက်သွယ်ဖောက်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ရွာထင်ကျေးရွာ ဆေးပေးခန်းအတွက် ငွေကျပ်နှစ်သိန်း၊ ကြိုးကြာဥကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ စာစောင်များကို ရွာထင်ကျေးရွာ စာကြည့်တိုက်၊ ကြိုးကြာဥကျေးရွာစာကြည့်တိုက်များအတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ကြိုးပမ်း

ယင်းနောက် ဝန်ကြီးသည် ပုလဲမြို့နယ် ရွာထင်ကျေးရွာရှိ ထင်ကမ္ဘာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်၍ အခိုင်အမာ အဆောက်အအုံ တည်ဆောက်ထားရှိမှု၊ စာအုပ်၊ စာစောင်များ မတည်ထားမှု၊ စာအုပ်၊ စာစောင်အသစ်များ တိုးပွားရေးအတွက် စာငှားစနစ်ဖြင့် စာအုပ် ငှားရမ်းဖတ်ရှုမှု အခြေအနေများကို ကြည့်ရှုပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်ကမ္ဘာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ရွာထင်ကျေးရွာရှိ ထင်ကမ္ဘာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပုလဲမြို့နယ် ရွာထင်ကျေးရွာစာကြည့်တိုက်၊ ကြိုးကြာဥကျေးရွာ စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ရန်ကုန် အမှတ်(၁)စီးကရက်စက်ရုံမှ စက်ရုံမှူး ဦးဝင်းမြင့်အား ယင်းဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက်တွင်ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို 'အေးချမ်းခေတ်မီ မြန်မာပြည်'ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲကို ဒီဇင်ဘာ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပမည် ဖြစ်ရာ ဆုရရှိသူများသည် ဆုများ လက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဖုန်း-၃၇၁၃၄၂ သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၁၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၈

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၁)တွင် မြင်းမူမောင်နိုင်မိုး၏ အမျက်ကြီးသူ၊ ပညာရှိနှင့် လူမိုက်၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၃)၊ ကိုကိုလှိုင်၏ အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေးနှင့် အကြမ်းဖက်ဝါဒ အန္တရာယ်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၃) (Electric Tram နဲ့ Trolley Bus)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၅)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၁၄)၊ အာရှမိုး၏ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းရဲ့ ဗြိတိန်ငွေကြေးအကျပ်အတည်း ကယ်တင်ခန်း သို့မဟုတ် ကြိုပွဲဝင့်မဲ့ဝယ်နည်း၊ မိုး(ပျဉ်းမနား)၏ စာပေစကား နေ့တိုင်းကြားသော်၊ ဆိုမာလီပင်လယ်ဓားပြများကို အမေရိကန်က ကုန်းကြောင်းနှင့် လေကြောင်းမှ တိုက်ခိုက်ရန်ကြံစည်၊ အိုဘားမားရဲ့ အထက်လွှတ်တော်အမတ်နေရာကို ရောင်းစားဖို့ကြိုးပမ်းခဲ့တဲ့ အီလီနွိုက်စ်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်မကြီးက ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ထည့်ဝင်ရန် သဘောတူကတိပေး၊ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးအထူးကောင်းမွန်လိုတဲ့ ပြင်သစ်သမ္မတကြီးဆာကိုဇီ၊ ပဲရစ်မြို့လယ်က ကမ္ဘာ့တန်ဖိုးအများဆုံး ကျောက်မျက်ရတနာ ဓားပြတိုက်မှုကြီး၊ ပထမဆုံးဝတ္ထု အရပ်ထင်လာတာကို ကျေနပ်ပါတယ်ဆိုတဲ့ စိုင်းစိုင်းခမ်းလှိုင်၊ ပင်လယ်ပျော်မင်းသား အပိုင်း(၅၇၊၅၈) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင်-ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင်- ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း — သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဒီဇင်ဘာ ၁၉ရက် (ယနေ့) ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်သည်။

အခြေအနေ

ဒီဇင်ဘာ ၁၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ နက်ချ်ဒဟာအရပ်တွင် ဒီဇင်ဘာ ၁၇ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်ဝန်ကြီးချုပ် ဘဂ္ဂဒက်မြို့တော်သို့ ရောက်ရှိစဉ်ကာလတွင် မြို့လယ်၌ ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွား၍ ၁၈ ဦး သေဆုံး၊ ၅၃ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်သို့ အလည်အပတ်ရောက်ရှိနေစဉ် ဒီဇင်ဘာ ၁၇ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ ၁၈ဦးသေဆုံးပြီး ၅၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း ဘဂ္ဂဒက်သို့ အလည်အပတ်ရောက်ရှိနေစဉ် ဒီဇင်ဘာ ၁၇ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး မကြာမီ ဒုတိယ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ထုတ်ပြန်

ယင်းပေါက်ကွဲမှုများသည် ဘဂ္ဂဒက်မြို့ နက်ချ်ဒဟာအရပ် အနီးဝန်းကျင်ဒေသရှိ ယာဉ်ထိန်းရဲစခန်းနှင့် ဆေးရုံအနီးတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုများသည် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီအား တွေ့ဆုံနေခဲ့သည့် တိုက်ဂရစ်မြစ်တစ်ဖက်ကမ်းရှိ လုံခြုံရေးတင်းကျပ်စွာ ချထားသော အစိမ်းရောင်ဇုန်နှင့် အနည်းငယ်ကွာလှမ်းကြောင်း ရိုက်တာသတင်းဌာနက ထုတ်ပြန်သည်။

ဘရောင်းသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ လေးကြိမ်မြောက်အလည်အပတ်ရောက်ရှိနေခြင်း ဖြစ်သည်။ လာမည့်နှစ်ဝက်တွင် အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များအား အပြီးသတ် ရုပ်သိမ်းပေးမည်ဟု ဘရောင်းက ပြောကြားခဲ့သည်။

(အင်တာနက်)

ဗြိတိသျှ တပ်ဖွဲ့ဝင်များ လာမည့်နှစ်မေလကုန်၌ အီရတ်မှရုပ်သိမ်းမည် ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း ပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၈

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ၂၀၀၉ ခုနှစ် မေလကုန်၌ အီရတ်မှ အပြီးသတ် ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အီရတ်တွင် အနည်းဆုံး သုံးနှစ်မက ဆက်လက်ရှိနေမည့် အမေရိကန်တပ်ဖွဲ့များသာ အီရတ်တွင် ကျန်ရှိနေမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

သဘောတူညီမှုရယူ

မိမိတို့အနေဖြင့် ၂၀၀၉ ခုနှစ် မေ ၃၁ ရက်ထက် နောက်မကျစေဘဲ ဗြိတိန်တပ်ဖွဲ့ဝင်များအား အီရတ်မှ ဆုတ်ခွာပေးရန် သဘောတူညီမှု ရယူခဲ့ပြီးဖြစ်ကြောင်း အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ ဒီဇင်ဘာ ၁၇ရက်က ရောက်ရှိပြီး အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပနေစဉ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ပြောကြားခဲ့သည်။

အပြီးသတ်ဆုတ်ခွာ

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၆ ရက် အစောပိုင်းတွင် အီရတ်အစိုးရတပ်ဖွဲ့က အမေရိကန်တပ်ဖွဲ့များမှလွဲ၍ ကျန်နိုင်ငံစုံ တပ်ဖွဲ့ဝင်များအားလုံး ၂၀၀၉ ခုနှစ် ဇူလိုင်အကုန်တွင် အီရတ်မှအပြီးသတ် ဆုတ်ခွာပေးသင့်ကြောင်း သဘောတူညီကာ ဥပဒေမူကြမ်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပြုထား

အီရတ်ပါလီမန်သို့တင်မည့် အဆိုပါဥပဒေမူကြမ်း၌ ဩစတြေးလျတပ်ဖွဲ့ဝင်များနှင့် အခြားကျန်ရှိနေသည့် နိုင်ငံစုံတပ်ဖွဲ့ကိုယ်စားပြု တပ်ဖွဲ့ငယ်လေးများအပါအဝင် အခြားနိုင်ငံစုံ တပ်ဖွဲ့များအားလုံး ဇူလိုင်အကုန်တွင် အီရတ်မှ အကုန်ဆုတ်ခွာသွားရန် အဆိုပြုထားကြောင်း အီရတ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ဒက်ဘက်ချ်က ပြောကြားခဲ့သည်။

(အင်တာနက်)

အမ်အိုင်ဂျီ-၂၉ တိုက်လေယာဉ် ၁၀ စင်း ရုရှားက လက်ဘနွန်သို့ ကူညီထောက်ပံ့မည်

မော်စကို ဒီဇင်ဘာ ၁၈

ရုရှားနိုင်ငံက လက်ဘနွန်စစ်တပ်အား အမ်အိုင်ဂျီ-၂၉ တိုက်လေယာဉ် ၁၀ စင်း ထောက်ပံ့ပေးအပ်မည်ဟု လက်ဘနွန် ကာကွယ်ရေးဝန်ကြီး အီလီယက်စ်မူရ်က ပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၁၇ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ရောင်းချမည်

လက်ဘနွန်ကာကွယ်ရေးဝန်ကြီး အီလီယက်စ်မူရ်သည် မော်စကိုတွင် ဒီဇင်ဘာ ၁၆ရက်က ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆာ့ဒ်ယူကို့ဗ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းသည် အသေးစိတ်ကို ဖွင့်ဟပြောကြားခြင်းမရှိကြောင်း သိရသည်။

တိုက်လေယာဉ်များကို ရုရှားက လက်ဘနွန်အား ကူညီထောက်ပံ့သည့်အနေဖြင့် ပေးမည်ဖြစ်ကြောင်း၊ ရုရှားသတင်းဌာန အီတာတာ့စ်က သတင်းထုတ်ပြန်နေစဉ်တွင် အခြားသတင်းဌာနများကမူ ယင်းတိုက်လေယာဉ်များကို ရုရှားက လက်ဘနွန်သို့ ဈေးနှုန်းအများအပြားလျှော့၍ ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် လက်ဘနွန်စစ်တပ်၏ လိုအပ်ချက်စာရင်းကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် ၎င်းတို့အား စိစစ်ထောက်ပံ့ပေးရန် အသင့်ဖြစ်နေမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာ့ဒ်ယူကို့ဗ်က စောစောပိုင်းတွင် ပြောကြားခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ဒီဇင်ဘာ ၁၇ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား အရပ်သားတစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

မိုဆူးလ် ဒီဇင်ဘာ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၁၇ ရက်က ဗုံးပေါက်ကွဲမှုနှစ်ခုကြောင့် ၁၈ဦး သေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားပြီးနောက် မိုဆူးလ်မြို့တွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖောက်ခွဲတိုက်ခိုက်

အဆိုပါဖြစ်ရပ်သည် မိုဆူးလ်မြို့ အရှေ့တောင်ပိုင်းတွင် ကင်းလှည့်နေသော ရဲကားတစ်စီးကို ပစ်မှတ်ထားကာ ဖောက်ခွဲရေးပစ္စည်းတစ်ခုဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ အရပ်သားတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်လုံခြုံရေးအရာရှိတစ်ဦးက အီရတ်အသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

ဆောင်ရွက်

ဒဏ်ရာရသူများထဲတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးပါဝင်ကြောင်း၊ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မတည်မငြိမ်

စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသော အီရတ်နိုင်ငံ နိနီဝါပြည်နယ်၏ မြို့တော်မိုဆူးလ်မြို့သည် မကြာမီက လုံခြုံရေးများချကာ ငြိမ်းချမ်းအောင်ဆောင်ရွက်ခဲ့သော်လည်း မတည်မငြိမ်ဖြစ်လျက်ရှိသည့် ဒေသတစ်ခုအဖြစ် ရှိနေဆဲပင်ဖြစ်သည်။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၂၅၅ မိုင်အကွာတွင် တည်ရှိသည်။

ဝရန်းသုန်းကား

စစ်ကြောင့် ချုံးချုံးကျနေသော အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၊ ဝရန်းသုန်းကား ပစ်ခတ်တိုက်ခိုက်သောင်းကျန်းမှုများကြောင့် နေ့စဉ်နှင့်အမျှ နီးပါးပင် အရပ်သားများ သေဆုံးခဲ့ကြရကာ အမြောက်အမြား ဒဏ်ရာရရှိခဲ့ကြသည်ဟု သတင်း၌ ဖော်ပြထားသည်။

(အင်တာနက်)

ရွေးကောက်ခံ သမ္မတ အိုဘားမား ဝန်ကြီးနှစ်ဦး ခန့်အပ်

ဝါရှင်တန် ဒီဇင်ဘာ ၁၈

လာမည့် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် အမေရိကန်သမ္မတ ရာထူးကို ဂျော့ချ်ဒဗလျူဘုရှ်ထံမှ ရာထူးကိုလွှဲပြောင်းရယူတော့မည့် ဘားရက်အိုဘားမားသည် ၎င်း၏ အစိုးရ အဖွဲ့သစ်ကို အင်အားဖြည့်တင်းသည့်အနေဖြင့် စိုက်ပျိုးရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးများကို ထပ်မံရွေးချယ်လိုက်သည်။

ခန့်ထားလိုက်

အိုဘားမားသည် နိုင်ငံ၏အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ တန်ဖိုးရှိ လယ်ယာအသုံးစရိတ် အကျပ်အတည်းကို ဖြေရှင်းပေးခဲ့သည့် အိုင်အိုဝါပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းတွမ်ဗီလ်ဆက်ခ်အား စိုက်ပျိုးရေးဝန်ကြီးအဖြစ် ရွေးချယ်ခဲ့ပြီး ကိုလိုရာဒိုဆီးနိတ် လွှတ်တော်အမတ် ကင်ဆာလာဇာအား ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်ထားလိုက်သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ဘက်ရှိ ကန်ဒါဟာပြည်နယ်၏ မြို့တော် ကန်ဒါဟာစီးတီးရှိ လမ်းမကြီးတစ်ခုပေါ်တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားအား ဝန်ချီစက်ဖြင့် သယ်မသွားနေသည်ကို ဒီဇင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ဟူနန်တွင် ကျောက်မီးသွေးမိုင်း ပေါက်ကွဲမှုဖြစ်ပွား မိုင်းတွင်းလုပ်သား ၁၈ ဦးပိတ်မိနေဟုဆို

ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် လီယန်ယွမ်မြို့ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဒီဇင်ဘာ ၁၇ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ကျောက်မီးသွေးမိုင်းလုပ်သား ၁၈ဦး မိုင်းတွင်း၌ ပိတ်မိနေကြောင်း ဒီဇင်ဘာ ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကျန်ရှိနေ

ယင်းကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲမှုကြောင့် မိုင်းလုပ်သား ၃၂ ဦး မိုင်းတွင်းထဲ၌ ပိတ်မိနေကြောင်း၊ သို့သော်လည်း မိုင်းလုပ်သား ၁၄ဦးအား ကယ်တင်နိုင်ခဲ့သဖြင့် မိုင်းတွင်း၌ ပိတ်မိနေသူ ၁၈ဦး ကျန်ရှိနေသေးကြောင်း၊ ပိတ်မိနေသည့် ကျန်မိုင်းလုပ်သားများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံ ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ၁၈ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အသက်ဆုံးရှုံး

အစိုးရလုပ်ငန်းခွင် လုံခြုံရေးစီမံခန့်ခွဲမှုဌာန၏ ပြောကြားချက်အရ ယခုနှစ် ၁၀ လတာကာလအတွင်း မိုင်းတွင်းများ၌ ပေါက်ကွဲမှုများ၊ ဓာတ်ငွေ့ယိုစိမ့်မှုများ၊ ရေကြီးမှုများနှင့် မိုင်းတွင်းပြိုကျမှုများကြောင့် တရုတ်မိုင်းလုပ်သား ၂၆၉၀ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

* ကျော့ဖုံးမှ

"အထူးအစီအစဉ်အနေနဲ့ ပြသသွားမှာပါ"

ဦးငယ်လေး
အုပ်ချုပ်မှုဒါရိုက်တာ

အသိပညာပေးမှု

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲများကို ရန်ကုန်မြို့၌လည်း နှစ်စဉ် ပြသပေးလျက်ရှိပြီး နေပြည်တော်၌လည်း ပြပွဲ ပြုလုပ်ပြသပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပိုမိုလိုက်နာမှုရှိစေရေး အသိပညာပေးမှု ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်မှုတစ်ရပ်အဖြစ် နေပြည်တော်၌ ပြပွဲ၊ ပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။

ဒုတိယအကြိမ်

ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို နေပြည်တော်ရှိ ရွာတော်မင်္ဂလာဈေး၌ ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြခန်းများ၊ စက်မှုဇုန်ထုတ် မော်တော်ယာဉ်ပြခန်းများ၊ အခြားအသုံးအဆောင်ပစ္စည်းပြခန်းများအပြင် ဖျော်ဖြေရေးအစီအစဉ်များပါရှိကြောင်း သိရသည်။

ရှင်းပြ

အဆိုပါ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ၌ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များပြခန်းတွင် ပါဝင်ပြသမည့် ရန်ကုန်ဂျစ်ထုတ်လုပ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးငယ်လေးက **"ကျွန်တော်တို့အနေနဲ့ကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲ၊ ပြိုင်ပွဲတိုင်း ပါဝင်ပြသနေတာပါ။ ဒါကလည်း ပြည်တွင်းထုတ်မော်တော်ယာဉ်တွေကို ပြည်တွင်းဈေးကွက်မှာ ပြည်သူတွေ ဈေးနှုန်းသက်သက်သာသာနဲ့ သုံးစွဲစေချင်လို့ပါပဲ။ နောက်ပြီး နေပြည်တော်မှာ ပြုလုပ်မယ့် ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြပွဲ၊ ပြိုင်ပွဲမှာ ပါဝင်ပြသတာဟာ ရန်ကုန်ဂျစ်ရဲ့ လေးနှစ်မြောက် အထူးအစီအစဉ်အနေနဲ့ ပြသခြင်းဖြစ်ပါတယ်"**ဟု ဦးငယ်လေးက ရှင်းပြသည်။

ရန်ကုန်ဂျစ်ကား

ရန်ကုန်ဂျစ်များကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်ထုတ်လုပ်ခဲ့ရာ ပထမဆုံးအနေဖြင့် ၁၀စီးထုတ်လုပ်ခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်၌ အစီး၄၀၊ ၂၀၀၇-၂၀၀၈ခုနှစ်၌ အစီး ၂၀၀ အထိ ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ရန်ကုန်ဂျစ်များမှာ အတက်အဆင်းလွယ်ကူပြီး မိသားစုခြောက်ဦး သက်သောင့်သက်သာစွာ ခရီးထွက်စီးနင်းနိုင်သည်။ ခရီးသွားလာရာတွင် ငြိမ့်ညောင်းခြင်း၊ ကီလိုမီတာ ၉၀နှင့် ၁၀၀အကြား အမြန်နှုန်း မောင်းနှင်နိုင်ခြင်းနှင့် ဆီတစ်ဂါလန်လျှင် ၃၅ကီလိုမီတာအထိ မောင်းနိုင်သည်အထိ ဆီစားသက်သာကြောင်း သိရသည်။

"ရန်ကုန်ဂျစ်တွေကို နေပြည်တော်မှာပြုလုပ်မယ့် ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြပွဲ၊ ပြိုင်ပွဲမှာ အထူးအစီအစဉ်အနေနဲ့ ဈေးနှုန်းကို ၁၀ရာခိုင်နှုန်းလျှော့ပြီး ရောင်းချပေးသွားမှာပါ။ ဒါကလည်း နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနနဲ့ ဝန်ထမ်းတွေအတွက် သီးသန့်အစီအစဉ်ပါ။ ဒီလိုလျှော့ဈေးနဲ့ရောင်းချမယ့် ရန်ကုန်ဂျစ်ကားအရေအတွက်က ၁၀စီး သတ်မှတ်ထားပါတယ်"ဟု အုပ်ချုပ်မှုဒါရိုက်တာ ဦးငယ်လေးက ဆက်လက်ရှင်းပြသည်။

ပါဝင်ပြသမည်

စက်မှုဇုန်ထုတ် မော်တော်ကားများပြခန်းတွင် ကျားကိုးကောင်နှင့် အခြားပြည်တွင်းထုတ် မော်တော်ယာဉ်အများအပြား ပါဝင်ပြသမည်ဖြစ်သည်။ ထို့အတူ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် တက္ကစီမီတာ၊ ကားတာယာ စသည့်ပစ္စည်းများလည်း ပြသထားမည်ဖြစ်သည်။

ထို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြခန်းများ၊ နိုင်ငံတကာတွင် မော်တော်ယာဉ် မတော်တဆဖြစ်မှုအခြေအနေပြဇယားနှင့် ကိန်းဂဏန်းများ၊ မော်တော်ယာဉ် မတော်တဆဖြစ်ရသည့် အကြောင်းရင်းများကို ပုံစံကားချပ်များဖြင့် ပြသမည် ဖြစ်သည်။

ဖျော်ဖြေရေး

တစ်ဖန် ရုပ်မြင်သံကြားများဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးအစီအစဉ်များကို ပြပွဲချိန်အတွင်း နေ့စဉ် ပြသပေးသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးအနေဖြင့်လည်း ကျောင်းသား ကျောင်းသူလေးများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မိနစ်ပိုင်းကြာ တစ်ခန်းရပ်ပြကွက်လေးများကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးနှစ်လုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ ၄၄ ဦး ဒဏ်ရာရရှိ

မနီလာ ဒီဇင်ဘာ ၁၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အီလီဂန်မြို့တွင် ဒီဇင်ဘာ ၁၈ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၄၄ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

အခင်းဖြစ်ပွားမှုမှာ အီလီဂန်မြို့ အူနီစီတီ ဈေးအဆောက်အအုံကြီး၌ မွန်းလွဲ ၁နာရီ မိနစ် ၄၀၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ဈေးအဆောက်အအုံအစိတ်အပိုင်းအချို့ ပျက်စီးခဲ့ရသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၈

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဒီဇင်ဘာ ၁၂ရက်တွင် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သဇင်ခန်းမဆောင်၌ ကျင်းပသော တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင် i Love Myanmar (Emmanuel Foundation) မှ ဒေါ်လီဇီဆပ်နိုင်ဆန်းက ဖလမ်းခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဇဟိုအလုပ်အမှုဆောင်မှ ဖလမ်းမြို့နယ် လုန်ဇောလ်-လာလ်သီး ကျေးလက်ချင်းဆက် လမ်းဖောက်လုပ်ရန် ငွေကျပ် ၁၀သိန်းနှင့် အဝတ်အထည်များ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပေးပို့လှူဒါန်းသော အားကစားပစ္စည်းများအား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင် ဒေါ်လီဇီဆပ်နိုင်ထန်းက ဖလမ်းခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်း ၁၃မျိုးအား ပေးအပ်လှူဒါန်းရာ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ထွေးထွေးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ၁၃ရက်တွင် ဟားခါးမြို့ ပြည်နယ်ဆေးရုံကြီးသို့ ရောက်ရှိပြီး တိုးချဲ့ ဆောက်လုပ်လျက်ရှိသော ခုတင် ၅၀၀ ဆံ့ ဆေးကုသဆောင်အား ကြည့်ရှုစစ်ဆေးပြီး ဆေးဝါး တက်ရောက် ကုသခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထိုမှတစ်ဆင့် ဟားခါးမြို့ သောက်သုံးရေ ရရှိရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အစီအမံများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလှူရှင် ဒေါ်လီဇီဆပ်နိုင်ထန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခုနစ်ခုဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၁၇၅ သိန်းအား ဇဟိုအလုပ်အမှုဆောင်ထံ ပေးအပ်လှူဒါန်းပြီး မြို့မိ မြို့ဖတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ပေးအပ်လှူဒါန်း

ဒီဇင်ဘာ ၁၅ရက်တွင် ရိဒ်ခေါဒါရ်မြို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားကာ အဝတ်အထည်များ၊ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ကျေးဇူးတင်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်လီဇီဆပ်နိုင်ထန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး တီးတိန်မြို့နယ် ဒေါ်လွင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆန်အိတ် ၁၄၀နှင့် ဖလမ်းမြို့နယ် ဘွာလ်ဟရေ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၂၅သိန်းတို့အား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး မြို့မိ မြို့ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ရင်းရင်းနှီးနှီး

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် ဒီဇင်ဘာ ၁၇ရက်တွင် ကလေးမြို့ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ခုတင် ၁၀၀ဆံ့ တပ်မတော်ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်မှုဖြစ်ပွားမည့်နေရာကို ကြိုတင်မသိနိုင်ပါ၊

ကြိုတင်သိ၍ ကြိုတင်လုပ်နိုင်သည်က မီးဘေးကာကွယ်ရေး ဖြစ်သည်။

အသက်(၁၆)နှစ်အောက်နှင့် အသက်(၁၃)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက်နှင့် အသက်(၁၃)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ကျိုက္ကဆံမိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ ယူ-၁၆ ပြိုင်ပွဲ၌ ILBC အမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်း ယူ-၁၃ ပြိုင်ပွဲ၌ ILBC အမျိုးသားအသင်းနှင့် မိုးကုတ် အမျိုးသမီးအသင်းတို့က အနိုင်ရ ဗိုလ်စွဲသွားကြသည်။

အနိုင်ရရှိ

ယူ-၁၃ ပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲတွင် ILBC အသင်းက D.B.E (3) အသင်းကို ၅၆-၅၃ မှတ်၊ အမျိုးသမီး ဗိုလ်လုပွဲတွင် မိုးကုတ်အသင်းက D.B.E (3) အသင်းကို ၇၉-၂၂မှတ်၊ ယူ-၁၆ ပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲတွင် ILBC အသင်းက Venon အသင်းကို ၆၃-၂၃ မှတ်၊ အမျိုးသမီး ဗိုလ်လုပွဲတွင် ရန်ကုန် အသင်းက D.B.E (3) အသင်းကို ၅၇-၃၉ မှတ်တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း အကောင်းဆုံး အားကစားသမားဆုရ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲမှ အိမွန်ကျော်(ရန်ကုန်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ယူ-၁၆ အမျိုးသား ပြိုင်ပွဲ၌ ILBC အသင်းက ပထမ၊ Venon အသင်းက ဒုတိယ၊ D.B.E (3) အသင်းက တတိယတို့ရရှိပြီး အကောင်းဆုံး အားကစားသမားဆု ရန်မင်းသိန်း ILBC တို့က ရရှိကြသည်။ အမျိုးသမီးပြိုင်ပွဲ၌ ပထမ ရန်ကုန်တိုင်းအသင်း၊ ဒုတိယ D.B.E (3) အသင်း၊ တတိယ ဆိတ်ဖူးတောင်အသင်း၊ အကောင်းဆုံး အားကစားသမားဆု အိမွန်ကျော်(ရန်ကုန်)၊ ယူ-၁၃ အမျိုးသားပြိုင်ပွဲ၌ ပထမ ILBC အသင်း၊ ဒုတိယ D.B.E (3) အသင်း၊ တတိယ အထက(၃) ဘားအံအသင်း၊ အကောင်းဆုံး အားကစားသမားဆု ခန့်ဇော်ရှိန်း ILBC၊ အမျိုးသမီးပြိုင်ပွဲ၌ ပထမ မိုးကုတ်အသင်း၊ ဒုတိယ D.B.E (3) အသင်း၊ တတိယ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း၊ အကောင်းဆုံး အားကစားသမားဆု အေးမြတ်သန္တာထွန်း(မိုးကုတ်)တို့က ရရှိကြသည်။ ဆုကြေးများအဖြစ် ပထမ ငွေကျပ်သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်းနှင့် တတိယ ငွေကျပ်တစ်သိန်းတို့ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း၊ အမှုဆောင် ဒေါက်တာကျော်ဆန်းနှင့် ရွှေသံလွင်ကုမ္ပဏီ နာယက ဒေါ်နီတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ ယခုပြိုင်ပွဲမှ ထူးချွန်ကစားသမားများကို ရွေးချယ်၍ လာမည့် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ၌ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အာရှလူငယ် ဘတ်စကက်ဘောပြိုင်ပွဲကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

အမျိုးသား ယူ-၁၃ ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော I.L.B.C အသင်း။ (မြန်မာ့အလင်း)

အိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၅၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်အမှာစကားပြောကြားပြီး အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများနှင့် သင်တန်းသူ ၃၀တို့ တက်ရောက်သည်။

ဟားခါးမြို့

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများနှင့် သင်တန်းသူ ၂၈ဦး တက်ရောက်ကြသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၊ မိုင်းဆတ်၊ ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် နာဂဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတွင် ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့်သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များနှင့် သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပေါင်းလောင်းရေလွှဲဆည် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက်၉နာရီက နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းရေလွှဲဆည်၏ ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကူးတို့ဆိပ်ကျေးရွာ ပြောင်းရွှေ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလွှဲဆည်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရေလွှဲဆည်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်းလောင်း ရေလွှဲဆည်

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တွံတေးမြို့ ပဒါန်ရေကျော်ကျေးရွာနှင့် ခတ္တိယကျေးရွာတို့သို့ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တွံတေးမြို့ ပဒါန်ရေကျော်နှင့် ခတ္တိယကျေးရွာဆက် မြေသားလမ်းဖောက်လုပ် ဝန်ကြီး ဦးစိုးသာ ကြည့်ရှုစစ်ဆေး၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဒီဇင်ဘာ ၁၅ရက်က တွံတေးမြို့ မြောက်ဘက်ခြမ်းဒေသရှိ ပဒါန်ရေကျော်ကျေးရွာနှင့် ခတ္တိယကျေးရွာတို့သို့ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပဒါန်ရေကျော်၊ ခနောင်ထိန်တပင်၊ အဒွန်း၊ ကလီထော်၊ ရေကျော်၊ ကျွဲတရုတ်၊ အာကလ၊ တံခွန်တိုင်၊ ကြည်တန်း၊ ခလောက်ချိုက်၊ တံမန်ကြီး၊ ရေတွင်းကုန်းနှင့် အဘောစာဖြူစု ကျေးရွာများ၌ အများသုံးတယ်လီဖုန်း အသုံးပြုနိုင်ရေးကို ဆွေးနွေးညှိနှိုင်းစီစဉ်ပေးပြီး တွံတေးမြို့ ပျော်ဘွယ်လေးကျေးရွာ၌ ပျော်ဘွယ်လေး၊ လက်ပံကုန်း၊ ရန်ကုန်ပေါက်၊ ပိတ်ဆွယ်၊ ဘုရားငုတ်တိုနှင့် လက်ပံခွကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များက ၎င်းတို့ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ခလုတ်ကျေးရွာ၌ ခလုတ်၊ ကဒုံ၊ ရန်ကုန်ပါဒ၊ ဝက်ချောင်း၊ ပြသတိုက်၊ တံခွန်တိုင်၊ တန်းလျားလေး ကျေးရွာများမှ ပြည်သူများအားလည်းကောင်း၊ ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာပြည်သူများအား လည်းကောင်း တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးဦးစိုးသာသည် ဒီဇင်ဘာ၁၆ရက် နံနက်ပိုင်းတွင် တွံတေးမြို့နယ်အတွင်း ရေကျော်ကျေးရွာအုပ်စု၊ ဆုကလပ် ရေကျော်ကျေးရွာ ကျေးလက်ဆေးပေးခန်း ပြန်လည်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှု၍ အတွင်းရေကျော်ကျေးရွာ၌ ကျုံလမု၊ ကဒုံ၊ ပြသတိုက်၊ အတွင်း ရေကျော်၊ အပြင်ရေကျော် ကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံပြီး တွံတေးမြို့နယ် ကရင်ချောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ဂယက်လမီး၊ ကြံချပ်၊ ကဘင်ကြီး၊ ကရင်ချောင်းကျေးရွာတို့မှ ပြည်သူများနှင့် တွေ့ဆုံကာ တွံတေးဝကျေးရွာရှိ တိုးမြစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကိုလည်းကောင်း၊ တွံတေးမြို့ အိုးဘိုရပ်ကွက်ရှိ အိုးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများ အားလုံးကြွရောက်ကြပါရန်နှင့် မိတ်ဆုံစားပွဲသို့ ကြွရောက်လာသူများအား ရခိုင်မုန့်တီ၊ ဒေသ ထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်)အပန်းဖြေခရီးထွက်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ အပန်းဖြေခရီးစဉ်ကို ဒီဇင်ဘာ၂၆ရက် (သောကြာနေ့)ညတွင် ထွက်ခွာ၍ ဒီဇင်ဘာ၂၉ ရက် နံနက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉-၈၇-၂၁၇၂၆(ဟိုင်းကြီး)၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၈၅-၀၁၆၈၆(ဟိုင်းကြီး)၊ ဦးဘိုးတင် ဖုန်း-၀၉-၅၀-၀၆၉၂၆၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁-၃၉၇၉၀၊ ဦးကျော်နိုင် ဖုန်း- ၀၉-၅၀-၀၁၉၆၄၊ ဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၀-၅၈၁၃၆၊ ဒီဒီ စားသောက်ဆိုင်ဖုန်း-၅၁၀၈၉၈၊ ဆွေဒီ စားသောက်ဆိုင်(တာမွေရဲစခန်းရှေ့)၊ မင်းလမ်း ရခိုင်မုန့်တီနှင့် ပင်လယ်စာဆိုင်များ ဖုန်း- ၀၉-၅၀-၂၅၁၁၀၊ ရခိုင်သဟာယအသင်းရုံးခန်း ၁၁၅ (ပထမထပ်) သမိန်ဗရမ်းလမ်း တာမွေတို့၌ လက်မှတ်များ ဝယ်ယူစုံစမ်းနိုင်ပြီး၊ ဒီဇင်ဘာ၂၆ရက် (သောကြာနေ့) ည၇နာရီတွင် စုရပ်ဖြစ်သည့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈ သို့ အရောက်လာကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရဏာစာကြည့်တိုက်၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးဆောင်၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်ရှိ ကရဏာစာကြည့်တိုက်တွင် ဒီဇင်ဘာ၁၆ရက်က စာကြည့်တိုက်ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ဒေါက်တာထွမ်းခေါ်ပေါင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ဒေါက်တာမန်ကျင့်ပေါင်က နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းများကိုဖတ်ကြားပြီး တက်ရောက်ကြသူများက ပြန်လည်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင် စက်မှုလက်မှုအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

မော်လမြိုင် စက်မှုလက်မှုအထက်တန်းကျောင်း၌တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၈နာရီက ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးထွန်းလွင်က ကန်တော့ပန်ကြားလွှာကို တိုင်ပေးပြီး ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီးများအား ရှိခိုးပူဇော် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ကျေးရွာများသို့သွားရောက်၍ အထွေထွေစကားဝိုင်းကျင်းပ

လားရှိုး ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့၏လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်း ထပ်ဆင့်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၈ ရက်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီ တက်ရောက်အမှာစကားပြောကြားသည်။

ထပ်ဆင့်ရှင်းလင်း

ယင်းရှင်းလင်းပွဲတွင် ရန်ကုန်မြို့၌ သင်တန်းတက်ရောက်ခဲ့သော ပြည်နယ်လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ဝိုင်းလက်လိတ်က သင်တန်းတွင် ပို့ချခဲ့သော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခဲ့သည်။ တက်ရောက်လာသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများအပေါ် နာယက ဒေါ်ချယ်ရီက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် မှာကြားပြီး ရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် လားရှိုးမြို့နယ်ဟူးမွန်ကျေးရွာအုပ်စု ခေးခမ်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံတိုင်းရင်းသူ အမျိုးသမီးငယ်များ၊ အိမ်ထောင်သည် အမျိုးသမီးများ၊ ရပ်မိရပ်ဖများနှင့် အထွေထွေစကားဝိုင်းများ ကျင်းပ၍ လူကုန်ကူးမှုများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ နာယက ဒေါ်ချယ်ရီက အမက ခေးခမ်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၅၆ ဦးအတွက် ကျောင်းဝတ်စုံများ၊ အမျိုးသမီးများအတွက် အဝတ်အထည်များကို တစ်ဦးချင်းစီသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး နာယက ဒေါ်ချယ်ရီထံသို့ ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဝန်ကြီးဦးအောင်သောင်း အဆင့်မြင့်ကြေးသီးစက်ရုံ(ချောက်)စစ်ဆေး နိုင်ငံတကာ စံချိန်စံညွှန်းမီ ပစ္စည်းများ ထုတ်လုပ်နိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၁၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဒီဇင်ဘာ ၁၅ရက်က ဆိပ်ဖြူမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း သစ်ဆိမ့်ဆီစက်ရုံနှင့် ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် စက်ရုံ(ချောက်)နှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်ကြေးသီးစက်ရုံ(ချောက်) စီမံကိန်းတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ အဆင့်မြင့်ကြေးသီးစက်ရုံ(ချောက်)မှ 11 KV, 33 KV, 66 KV, 132 KV, 230 KV နှင့် 500 KV ဗို့အားခံ ကြေးသီးများကို နိုင်ငံတကာ စံချိန်စံညွှန်းမီ ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကယ်ဒမီရွှေ့ဇာတ်ကား ဆက်လက်ပြသ မိဘမေတ္တာဘွဲ့ မြင်းမိုရ်ထက်ကသရဖူ လူဝင်နေဆဲ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၁၈

ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် အကယ်ဒမီရွှေ့ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသနေဆဲ ဖြစ်သည်။ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)၏ မြင်းမိုရ်ထက်ကသရဖူ မိဘမေတ္တာဘွဲ့ဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီရုံနှင့် ရတနာပုံရုံများတွင် လူဝင်နေဆဲ ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားကြီးနှစ်ကားစလုံးတွင် နေတိုး၊ ထွန်းထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ အတွဲများချည်း ပါဝင်ထားသည်။

နိုင်ငံခြားဇာတ်ကားသစ်များ

ဂျိမ်းစ်ဘွန်းဇာတ်ကား Quantum of Solace ဇာတ်ကားမှာ ရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေပြီး ဒါရိုက်တာ ပေါလ်ဒဗလျူအက်စ်အင်ဒါဆန်၏ Death Race မှာ နေပြည်တော်ရုံတွင် လူကြိုက်များလျက်ရှိသည်။

Quantum of Solace ဇာတ်ကား

နိုင်ငံတကာ ဝင်ငွေစံချိန်ချိုးထားသည့် Quantum of Solace မှ ဂျိမ်းစ်ဘွန်းမင်းသား ဒယ်နီရယ်ခရိတ်။



အိန္ဒိယဇာတ်ကားများ

အိန္ဒိယရုပ်ရှင်လောက၏အကောင်းဆုံး သရုပ်ဆောင်များ ပါဝင်ထားသည့် Kabhi Khushi Kabhie Ghamဇာတ်ကားမှာ မြို့မရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အမီတာဘဂျမ်း၊ ရှာရွတ်ခန်း၊ ရီသစ်ရိုရှန်း၊ ကာဂျိုးလ်၊ ကရီးနားကပူးရ်၊ ရာနီးမူကာဂျီ၊ ဂျေရာဘဂျမ်းတို့ ပါဝင်ထားပြီး အကယ်ဒမီလေးဆုရထားသော ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် ကံမကောင်းအကြောင်းမလှသော ဖြစ်ရပ်မှန်အချစ်ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသည့် Tere Naam ဇာတ်ကား ပြသနေသည်။

စက္ကူငှက်

ဒါရိုက်တာမီးပွားရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်ကိုယ်တိုင် ရေးသားပါဝင် သရုပ်ဆောင်ထားသည့်**စက္ကူငှက်**ဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။ ဒါရိုက်တာ အောင်ကိုလတ် ရိုက်ကူးပြီး ရန်အောင်၊ ရဲအောင်၊ ဖြိုးငွေစိုး၊ ထွန်းလွင်အောင်နှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသည့် **99.9 ဗီဒီယို**ဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာနှင့် ဝဇီရာရုံ(၂)ရုံများတွင် ဆက်လက် ပြသနေသည်။ ကျောက်မျက်ရတနာကုန်သည် ဦးအောင်အောင်နှင့် ဦးကျော်ကျော်တို့၏ အချစ်ရေး၊ စီးပွားရေးအရှုပ်အထွေးကြောင့် ဦးကျော်ကျော်တစ်ယောက် တိုက်ပေါ်မှကျကာ သေဆုံးသွားရသည်ကို ဝါဝါဆိုသော မိန်းကလေးက ဖခင်အတွက် လက်စားချေရန် နိုင်ငံခြားမှ ရန်ကုန်အထိ ပြန်လာပုံများကို နိုင်ငံတကာအဆင့်မီ ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာအောင်ကိုလတ်၏ လက်စွမ်းပြရိုက်ချက်များကြောင့် နိုင်ငံခြားရုပ်ရှင်ကား ကြည့်ရသည်နှင့် မခြား ကြည့်ကြရမည့် ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အကယ်ဒမီရွှေ့ ဇာတ်ကား

အကယ်ဒမီရွှေ့မှ နေတိုး၊ အိန္ဒြာကျော်ဇင်၊ ရဲအောင်နှင့် ချောရတနာတို့၏ အကယ်ဒမီရွှေ့ပြကွက်များ။

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးညှင်းမြို့ အထကခွဲ၌ စာပေဟောပြော

ကချင်ပြည်နယ် မိုးညှင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် နိုဝင်ဘာ ၂၄ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အုတ်ကျင်းအထကခွဲတို့ ပူးပေါင်း၍ စာပေဟောပြောပွဲကျင်းပရာ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၀၀ကျော် တက်ရောက်ကြသည်။ (၀၀၂)

မိုးကောင်း၌ အလေးချိန်ခွင်မှန်ကန်ရေး စစ်ဆေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဈေးခေါင်း(၄)ဦးအုန်းဝေနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၈ရက်က မိုးကောင်းမြို့ မြို့မဈေးအတွင်းရှိ သားငါးနှင့် အခြေခံစားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များတွင် အသုံးပြုနေသော အလေးချိန်ခွင်များ မှန်ကန်မှု ရှိ မရှိနှင့် အသားများသတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ မရှိတို့ကို စစ်ဆေးကြပ်မတ်ကြသည်။ **(၀၀၁)**

အင်းတော်မြို့နယ်၌ မိခင်/ကလေး အသင်းခွဲဆိုင်းဘုတ်တင်

အင်းတော်မြို့နယ် နဘားကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီက အသင်းခွဲ မြေနေရာတွင်ကျင်းပရာ နဘားအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်ရွှေ၊ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်သိန်းနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အသင်းခွဲဆိုင်းဘုတ်ကို တင်ပေးကြသည်။ (၀၃၀)

မိုးညိုမြို့၌ လမ်းညွှန်ဆိုင်းဘုတ်တပ်ဆင်

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဘူးသီးတောင်-အငူမော်လမ်းပြုပြင်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘူးသီးတောင်-အငူမော် ကျောက်ချောလမ်း ပျက်စီးနေသည့် အပိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိုးမောက်မြို့၌ စုပေါင်းလမ်းလျှောက်

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဒီဇင်ဘာ ၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုပေါင်း၍ မြို့နယ် ကျောက်တိုင်ရှေ့မှ ခုနစ်မိုင်အောင်သာကုန်းအထိ အသွားအပြန် စုပေါင်း လမ်းလျှောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘိုးဘွားစောင့်ရှောက်ရေးအသင်း တစ်နှစ်ပြည့်ကျင်းပ

ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် သက်ကြီးဘိုးဘွား ကျန်းမာရေးစောင့်ရှောက်မှုအသင်းတစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ၇ရက် နံနက် ၁၀နာရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။ (၀၂၇)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်တန်းဖွင့်

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားစေရန် ရည်ရွယ်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် ညနေ ၃ နာရီက ကျောက်ဆည်မြို့ ခရိုင်အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ခရိုင် ပြန်/ဆက်)**

ရမည်းသင်း၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရမည်းသင်းမြို့နယ် ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးအထွက်နှုန်း တိုင်းထွာနိုင်ရန် ထီးလှိုင်အုပ်စု ငှက်သိုက်ကျေးရွာ ကွင်းအမှတ်(၁၀၀၆)ငှက်သိုက်ရွာ၊ ဆိုးကွင်း၊ ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ်(၂၆)တောင်သူဒေါ်လှရွှေ၏ မနောသုခမိုးကောင်းသောက်စံကွက်တွင် ဒီဇင်ဘာ ၅ရက်က ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၅၈ ဒသမ ၅၇ တင်းထွက်ရှိကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြင်းခြံ၌ ကျန်းမာရေး အခမဲ့စစ်ဆေးကုသ

မြင်းခြံခရိုင် ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်နှင့် အထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ လိုက်ပါ၍ နိုဝင်ဘာ ၂၃ ရက်က မြင်းခြံမြို့နယ် ယုံတိုးကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ ကျေးလက်ပြည်သူ ၄၉၀တို့အား ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ဝေဒနာရှင်ပြည်သူတို့အား အခမဲ့ စစ်ဆေးကုသပေးကြသည်။ **(၀၈၇)**

အင်းတော်အထက ရွှေရတုမဂ္ဂဇင်းထုတ်ဝေ

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း ၁၉၅၈-၂၀၀၈ ကို ထုတ်ဝေသူ ဦးချစ်စရာ (မောင်သာချစ်-ဝက်လက်)က ချာလီပုံနှိပ်တိုက်တွင်ပုံနှိပ်၍ နိုဝင်ဘာ ၁၈ရက်က စာရှုသူတို့ဖတ်ရှုနိုင်ရန် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ (၀၃၀)

19-12 (07).pmd 1 12/19/2008, 2:14 AM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာ စေတီတော်ကြီးအား ရေဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစေတီတော်ကြီးအား ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိကြရာ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပုဂံရှေးဟောင်းသုတေသနပြတိုက် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မိန့်ကြားပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုဂံမြို့ မြေဘုံသာဘုရားလုအနီးရှိ ဘုရားအမှတ် ၁၅၁၅အတွင်း သဲခဲရှင်းရာမှ တွေ့ရှိသော အေဒီ ၁၂ရာစုခေတ်ကာလမှ အတိုင်းအတာအမြင့် ၁၂လက်မ၊ ဒူးခွင်အကျယ် ၁၁လက်မ၊ ထု၅လက်မရှိသည့် ရွှေဆင်းတုတော်နှင့် ငွေဆင်းတုကြီးကိုလည်းကောင်း၊ အေဒီ ၁၁ရာစုမှ ကြေးကြာဖူးကိုလည်းကောင်း၊ ပုဂံခေတ် အန္တကူရုပ်ချပ်နှင့် အန္တကူဆင်းတုတော်၊ ကြေးဗုဒ္ဓဆင်းတုတော်၊ ရှေးဆင်များ၏ အစွယ်အပိုင်းအစ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အံသွားကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိကြပြီး အနောက်ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရားလိုဏ်အတွင်း ကိန်းဝပ် စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်များအား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြကာ ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဂုဏ်တင်ဦးခိုက်လိုက်ပါသည်

- နတ်တော်နှင်းဆမ်း၊ ငြိမ်းအေးချမ်းပေ
ဟေမန္တဆောင်း၊ သာမှုပေါင်းခ
နေ့ရောညပါ၊ ဒို့ပြည်သာဝယ်
စာပေသဘင်၊ ဆင်ယင်ကျင်းပ
နှလုံးလှရာ၊ အလိမ္မာအတိ
စာမှာရှိ၍၊ ပြည့်အလှပန်း
လန်းဆန်းစေသော်၊ လနတ်တော်တည်း…။
- ဘိုးဘေးစဉ်ဆက်၊ ပေထက်ကညစ်တင်
စာစုံလင်ရေး၊ ဟိုရှေးကဝိ
လွှမ်းမိအထူး၊ သူ့ကျေးဇူးကို
ရှိသေသမှု၊ ဂါရဝပြုချင်
ရတုရကန်၊ အဲအန်လူးတား
မော်ကွန်းများပါ၊ မေတ္တာစာညှပ်
တေးထပ်ဒုံးချင်း၊ တျာချင်းသံချို
လိုသည်မကျန်၊ သံပေါက်ခွေးချီး
လေးချိုးထွေထွေ၊ စာပဒေသာ
ဝေဆာရေးကြ၊ ရှေးကစာဆို
ကြည်ညိုညွှတ်တွား၊ အားကျမမေ့
ယနေ့ခေတ်တွင်၊ ကလောင်ရှင်တို့
မချို့ဂုဏ်လှိုင်၊ နိုင်ငံတော်က
ချီးပမြှောက်စား၊ မျက်ဝါးထင်ထင်
တွေ့မြင်ရသော်၊ ရှေးမော်ကဝိ
ရှိခဲ့အထူး၊ စာကျေးဇူးကို
ညွတ်နူးကော်ရော်၊ ကျွန်ုပ်ပူဇော်ကာ
ဆယ်ဖြာလက်မိုး၊ ကြာပဒုံဖြင့်
ဂုဏ်တင်ဦးခိုက်လိုက်ပါသတည်း…။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

နှစ်ပတ်လည်အစည်းအဝေးများ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် အလှမွေးငါးလုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးများကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၂-၂၀၀၈ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားဖို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက် ထုတ်ကုန်များ
၇း၅၅ ၅။ အဆိုပြိုင်ပွဲ
၈း၀၅ ၆။ **အသိစိတ်ကလေး အရင်းတည်၍**
ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်
(ဒါရိုက်တာ-ကြည်စိုး)
၈း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ ဝိုင်းဝန်းဆွေးနွေးအကြံပေး တိုးတက်ဖွံ့ရှာကျန်းမာရေး
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၅း၂၀ ၇။ မြန်မာစာ မြန်မာစကား
၅း၄၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၂၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကူန်သွယ်မုန်တိုင်း**(အပိုင်း-၃၆)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၆)

တွံတေးမြို့နယ် တမာတကောချောင်းကူးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

တွံတေးမြို့နယ်၌ တမာတကောချောင်းကူးတံတားဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တည်ဆောက်ခဲ့သော ရန်ကုန်တိုင်း တွံတေးမြို့နယ် တမာတကောကျေးရွာအနီးရှိ တမာတကောချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီက အဆိုပါတံတား၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က တမာတကောချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်က ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့အား တံတားဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တမာတကောချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် မငေးကျေးရွာအနီးရှိ ရေငန်ရိုးချောင်းကိုဖြတ်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေငန်ရိုး ချောင်းကူးတံတား လုပ်ငန်းခွင်သို့သွားရောက်၍ကြည့်ရှုစစ်ဆေးကြရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ညောင်ဦးမြို့နယ် ပုဂံဒေသရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကမ္ဘာအေးကွန်ဒိုမီနီယံနှင့်ဂမုန်းပွင့် Shopping Mall ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂမုန်းပွင့်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုဖြင့် ကမ္ဘာအေးကွန်ဒိုမီနီယံနှင့် ဂမုန်းပွင့် Shopping Mall ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ဂနာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall ဥပစာရှေ့၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စက်ခလုတ်နှိပ်၍ ဂမုန်းပွင့် Shopping Mall ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည့်လည်ကြည့်ရှုအားပေးကြရာ ဂမုန်းပွင့်ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယာဉ်ရပ်နားစခန်း

ယင်းအဆောက်အအုံတွင် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ အလှပြင်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ပရိဘောဂ ပစ္စည်းဆိုင်များ၊ စာအုပ်ဆိုင်များနှင့် စားသောက်ဆိုင်များ ဖွင့်လှစ် ရောင်းချလျက်ရှိပြီး ခေတ်မီကလေးကစားကွင်းနှင့်ယာဉ်စီး ၅၂၀၀ကျော် ရပ်နားနိုင်သော ယာဉ်ရပ်နားစခန်းတို့ ပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ၁၇ရက်က ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူး ဦးအောင်မိုးကြည် ရန်ကုန်တိုင်းအတွင်းရှိ စားသောက်ဆိုင်ကြီးများ အနေဖြင့် စားသုံးသူများထံမှ ရောင်းရငွေနှင့်အတူ ထည့်ပေါင်း တောင်းခံထားသော ကုန်သွယ်လုပ်ငန်းခွန် အခွန်ငွေများကိုသတ်မှတ်ကာလအတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းကြရန်နှင့် အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်တို့ကို အခွန်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းရှိမရှိ စိစစ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းအတွင်းရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၁၆ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် ညောင်ဦးမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၊ မြကန်ရေလှောင်တမံနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ပုဂံဒေသရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြကန်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကို လည်းကောင်း၊ ကျောက်ကူးမြစ်ရေတင် ရေတင်အဆင့်(၄)တွင် စက်များ စမ်းသပ်လည်ပတ်ပြီး ရေတင်နေမှုကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာမှ တောင်သူဦးချီ၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးစပါး ဧက၄၀၀ စိုက်ခင်းကို လည်းကောင်း၊ ငါ့သရောက် မြစ်ရေတင်စီမံကိန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရွှေပါရမီ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

မကွေးတိုင်း ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ၊ ရေနံချောင်းမြို့နယ် အသင်း(ရန်ကုန်)နှင့် ရေနံချောင်းမြို့နယ်မှ စေတနာရှင် ပြည်သူတို့ စုပေါင်းလှူဒါန်းသော ရွှေပါရမီ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် နံနက်၉နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်တော်မူပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးမြင့်သိန်း၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ အလှူရှင် တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရိုက်ဝင်းနှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေပါရမီ တောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်သိန်းက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အလှူရှင် တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရိုက်ဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မကွေးတိုင်း ပညာရေးမှူး ဦးသန်းညွန့်ထံ ပေးအပ်သည်။

အထိမ်းအမှတ်

ယင်းနောက် ကျောင်းအုပ် ဆရာကြီး ဦးစိန်မောင်ညိုက ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများအား ကျောင်းဆောင်သစ် ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်ပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရေစက်ချ

ထို့နောက် အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအပြီးတွင်ကျောင်းဆောင်သစ် ရေစက်ချပွဲ အခမ်းအနားကို ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တည်ဆောက်ခဲ့

ယခု ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်ကို ငွေကျပ် သိန်းပေါင်း ၁၅၆၀ ကုန်ကျခံ တည်ဆောက်ခဲ့ပြီး အလျားပေ ၁၂၀၊ အနံ ၃၆ ပေ၊ စာသင်ခန်း ရှစ်ခန်းပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေပါရမီ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဝန်းသိုမြို့ သာယာလှပရေး ကွင်းဆင်းစစ်ဆေး

ဝန်းသို ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၃ရက်က ဝန်းသိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးသို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းတံတား၊ ရေပေးရေး၊ မြို့သာယာလှပရေး အစီအစဉ်နှင့်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းနိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြီးပျက်ဖို့ မလိုပေါင်(၃)

ကျော်ရဲမင်း

ကျွန်တော်ရှေ့မှာပြောခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ တိုက်ရိုက်ထိခိုက်မှု မရှိနိုင်ပေမယ့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ထိခိုက်သက်ရောက်မှုတွေတော့ အနည်းနဲ့အများရှိမှာပါပဲ။ အနည်းနဲ့အများဆိုရာမှာလည်း နည်းတဲ့ဘက်က ပိုပြီး အလေးသာပါလိမ့်မယ်။ သို့သော် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သတိဆိုတာ ပိုတယ်မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် လုပ်သင့်တာတွေ လုပ်ကြရမှာပါ။ ကျွန်တော်သိသလောက်တော့ လုပ်လည်းလုပ်နေကြပါပြီ။

စီးပွားရေးပညာရှင်တစ်ယောက် မဟုတ်သော်ငြားလည်း ကျွန်တော် မြင်မိသလောက်တော့ ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စားဝတ်နေရေးအတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်မြင်တာကတော့ ရပ်တည်မှုကို ပိုပြီးခိုင်မာသည်ထက် ခိုင်မာအောင်လုပ်ဖို့ သင့်ပါတယ်။ အလားတူ ပြည်ပကသွင်းကုန်ကို လျှော့ချပြီး သွင်းကုန်အစားထိုးနိုင်ဖို့ ကြိုးပမ်းမှုတွေ၊ တီထွင်ထုတ်လုပ်မှုတွေ လိုအပ်ပါလိမ့်မယ်။ တစ်ဖက်ကလည်း ဖြစ်နိုင်သမျှ ပို့ကုန်တိုးမြှင့်ပြီး အဓိကကုန်သွယ်ဖက်ဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုတိုးမြှင့်နိုင်အောင် ကြိုးစားဖို့ လိုပါလိမ့်မယ်။ ဒါ့အပြင် ငွေကြေးပြဿနာများကို ကျော်လွှားနိုင်ဖို့အတွက် နိုင်ငံခြားငွေ အရအသုံး ညီမျှအောင် ချိန်ဆဖို့လည်း လိုမယ်ထင်ပါတယ်။ နောက်တစ်ချက်က ပြည်ပရောက် မြန်မာအလုပ်သမားတွေ အလုပ်ဖြုတ်ခံရပြီး ကိုယ့်နိုင်ငံကိုပြန်ရောက်လာမယ့် အခြေအနေမျိုးလည်း မလွဲမသွေကြုံရနိုင်တဲ့အတွက် ပြည်တွင်းမှာအလုပ်အကိုင်များ တိုးချဲ့ဖော်ဆောင်သွားနိုင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမှာဖြစ်ပါတယ်။

ဒါကတော့ကျွန်တော့်ရဲ့သာမန်လူပြိန်းအမြင်သာဖြစ်ပြီး စီးပွားရေးပညာရှင်များကြားမှာတော့ ပညာရပ်နဲ့ ယှဉ်တဲ့နည်းနာတွေ၊ လုပ်နည်းလုပ်ဟန်တွေ အများကြီးရှိနေမှာပါ။ ပြင်ပဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း အတော်များများ ဆွေးနွေးရေးသားနေကြတာတွေ ဖတ်ရှုနေရပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူတွေကြားမှာ စိုးရိမ်မှုတွေတော့ အနည်းနဲ့အများ ရှိနေမှာပါပဲ။ တချို့ကလည်း ကားဈေးကျပြီ၊ စပါးဈေးကျပြီ၊ ပဲဈေးကျပြီဆိုပြီး ခြောက်လုံး၊ လှန့်လုံးတွေနဲ့ ပြည်သူတွေအကြား ထင်ယောင်ထင်မှားဖြစ်အောင် ပြောနေဆိုနေ၊ ထုတ်လွှင့်နေကြတာတွေ ကြားနေရပါတယ်။ ပြည်ပအသံလွှင့်ဌာနတွေအနေနဲ့လည်း စပါးဈေးကျ၊ ပဲဈေးကျတာကိုအခြေခံပြီး တောင်သူလယ်သမားတွေ ဒုက္ခရောက်နေပြီ၊ မြန်မာပြည်မှာ စီးပွားပျက်ကပ်ရောက်လာပြီဆိုတဲ့ မဟုတ်မဟပ် လုပ်ဇာတ် အသံလွှင့်ချက်တွေလွှင့်ပြီး ပြည်သူရဲ့စိုးရိမ်မှုကို မီးလောင်ရာ လေပင့်လုပ်နေတာတွေလည်း မကြားချင်မှအဆုံးပါပဲ။ ဒီကိစ္စတွေကို ကျွန်တော်သိသလောက် ရှင်းပြပါ့မယ်။

ပြောရရင် **ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့နိုင်ငံပါ။ ၂၀၀၇ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှုကိုကြည့်ရင် ပြည်တွင်းလိုအပ်ချက်ရဲ့ ၁၄၆ရာခိုင်နှုန်းဝန်းကျင် ထုတ်လုပ်နိုင်ခဲ့ပြီး အခု ၂၀၀၈ခုနှစ်မှာတော့ ရာခိုင်နှုန်း၁၅၀ကျော် ထုတ်လုပ်ဖို့ လျာထားဆောင်ရွက်နေပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပကိုတင်ပို့ ရောင်းချရင်း ကမ္ဘာ့နိုင်ငံများရဲ့ စားနပ်ရိက္ခာလိုအပ်မှုကိုပါ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တဲ့ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းမှာရှိတဲ့ လယ်မြေတွေပျက်စီးပြီး မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာ ပြတ်လပ်မှုတွေနဲ့ ကြုံရတော့မယ်လို့ ပြည်ပမီဒီယာတွေက အားရဝမ်းသာ ပြောခဲ့ကြပါတယ်။ ဒါပေမယ့် လေဘေးသင့်ဒေသများမှာ အချိန်မီ စပါးစိုက်ပျိုးနိုင်ဖို့ အဘက်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် နိုင်ငံတစ်ဝန်းမှာလည်း စပါးစိုက်ဧကတွေတိုးချဲ့တာ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပေးတာ၊ လယ်ပိုင်ရှင်တွေနဲ့ ပုဂ္ဂလိက ကုမ္ပဏီကြီးတွေ ပူးပေါင်းပြီး အကျိုးတူလယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင် ဆောင်ရွက်စေခဲ့တာတွေကြောင့် အခုစပါးပေါ်ချိန်မှာ ယခင်နှစ်က ထက်ကို စပါးထွက်ပိုလာခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို စပါးအထွက်ပိုလာတော့လည်း စပါးတွေကို ဝယ်မယ့်သူမရှိဘူး။ စပါးဈေးတွေကျပြီး လယ်သမားတွေဒုက္ခရောက်ကုန်ပြီလို့ အသံလွှင့်ဌာနတွေက မလိုတမာဆိုလာကြပြန်ပါရောလား။ တော်တော့်ကို ဗလောင်းဗလဲနိုင်တဲ့ မီဒီယာတွေပါပဲ။

ကျွန်တော်သိသလောက်ပြောရရင် စပါးအထွက်နှုန်းတွေ ကောင်းတာလည်းအမှန်ပါပဲ။ ဒေသအသီးသီးက လယ်သမားတွေ စပါးပိုရကြတာလည်း အမှန်ပါပဲ။ သို့သော် စပါးဝယ်မယ့်သူ မရှိဘူးဆိုတာကတော့ သက်သက်မဲ့လုပ်ကြံသွေးထိုးတဲ့ မိုးလုံးပြည့်မုသာဝါဒီတွေပါ။ တကယ့်အခြေအနေမှန်မှာ ထွက်ရှိသမျှစပါးတွေကို ကုန်သည်တွေနဲ့ ဆန်စက်ပိုင်ရှင်တွေက ကွင်းဆင်းဝယ်ယူလျက်ရှိကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)တို့ကလည်း ဒေသပေါက်ဈေးပေးပြီး အများအပြား ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများအနေနဲ့ ထွက်ရှိသမျှစပါးတွေကို အဆင်ပြေပြေနဲ့ ရောင်းချနိုင်ကြပြီး နောက်တစ်သီးအတွက် အားတက်သရောဆက်ပြီး ကြိုးပမ်းလုပ်ဆောင်နေကြပါပြီ။ ဒါတွေဟာ တကယ့်မြေပြင်အခြေအနေမှန်တွေပါပဲ။

ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံတဲ့အတွက် စပါးကို ပြည်ပတင်ပို့ရောင်းချနိုင်ရေးအတွက်လည်း **စီမံဆောင်ရွက်နေပါတယ်။ ပြည်ပမှာ မြန်မာ့ဆန်ဈေးကွက်ရရှိရေးအတွက် နိုင်ငံတော်က ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးနေသလို အိမ်နီးချင်းနိုင်ငံတွေကို နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့ရောင်းချခွင့်လည်း ပြုထားပါတယ်။ ယခုနှစ်အောက်တိုဘာလကုန်အထိ ကိန်းဂဏန်းတွေအရ ဆန်တန်ချိန် ၁၇၀၀၀၀ကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ပုဂ္ဂလိကပိုင်းက ပြည်ပတင်ပို့မှု ဆောင်ရွက်နေသလို စီးပွားရေးဦးပိုင်လီမိတက်ကလည်း ပြည်ပတင်ပို့နိုင်ဖို့ စီမံဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ကမ္ဘာနဲ့အဝန်း ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းများကျဆင်းတာ မှန်ပေမယ့် အခုလိုပြည်တွင်းစားသုံးမှုအတွက်ရော၊ ပြည်ပတင်ပို့မှုအတွက်ပါ ပြည်တွင်းဝယ်လိုအားရှိနေတာကြောင့် တောင်သူလယ်သမားကြီးများအတွက် ဘာမှထိခိုက်နိုင်စရာမရှိပါကြောင်း ပြည်ပမီဒီယာတွေသိအောင် ပြောလိုက်ချင်ပါတယ်။**

နောက်တစ်ခုက ပဲမျိုးစုံ ရောင်းဝယ်ရေးကိစ္စပါ။ ပြည်တွင်းမှာ ပဲဈေးတွေ အထိုက်အလျောက် ကျဆင်းခဲ့တာအမှန်ပါပဲ။ သို့သော် အခုအချိန်မှာ မြန်မာနဲ့ အိန္ဒိယနှစ်နိုင်ငံ ဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေးပြီး အစိုးရချင်းချိတ်ဆက်တဲ့ အစီအစဉ်နဲ့ ပဲမျိုးစုံ ပုံမှန်တင်ပို့ရောင်းချနိုင်ဖို့ ညှိနှိုင်းသဘောတူညီခဲ့ပြီးပါပြီ။ အိန္ဒိယက မြန်မာ့ပဲမျိုးစုံကို နိုင်ငံတကာပေါက်ဈေးအတိုင်း ဝယ်ယူသွားမှာပါ။ အသေးစိတ် ညှိနှိုင်းဆောင်ရွက်မှုကိုတော့ မြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နဲ့ အိန္ဒိယနိုင်ငံ State Trading Corporation တို့က တာဝန်ယူ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုကြောင့် ပစ္စည်းဈေးနှုန်းများ အပြောင်းအလဲ မြန်ဆန်လွန်းနေတဲ့အတွက် ပြောင်းလဲနေတဲ့ ကမ္ဘာ့ဈေးနှုန်းအခြေအနေနဲ့ လိုက်လျောညီထွေ ကုန်သွယ်ရောင်းဝယ်နိုင်အောင် နိုင်ငံတော်က စီမံစောင့်ရှောက်ဆောင်ရွက်ပေးနေတယ်ဆိုတာ သိစေချင်တာပါပဲ။ အိန္ဒိယက မြန်မာ့ပဲမျိုးစုံကို နှစ်စဉ် ပုံမှန်ဝယ်ယူ သွားမှာဖြစ်တဲ့အတွက် ပဲဈေးကွက်အတွက် စိတ်အေးရပြီလို့ ဆိုနိုင်ပါတယ်။

အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ပြီးခဲ့တဲ့စိုက်ပျိုးရာသီအတွင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါများ အထွက်နှုန်းကောင်းမွန်ပြီး ဖြစ်ထွန်းအောင်မြင်နေပါတယ်။ ဒါကိုလည်း အဆိုးမြင်မီဒီယာတွေက စိုက်တုန်းက စိုက်ခိုင်းပြီး ရောင်းချိန်ကျတော့ ဝယ်မယ့်သူမရှိလို့ ဝါစိုက်တောင်သူတွေ ဒုက္ခရောက်နေပါပြီလို့ မဟုတ်တမ်းတရမ်း လွှင့်ခဲ့ပါသေးတယ်။ တကယ်တော့ ငွေချည်(၆)ကြောင့် တောင်သူတွေလက်ဖျားမှာ ရွှေသီးငွေသီးခဲ့ကြတာ အားလုံးအသိပါ။ အထွက်နှုန်းကောင်းပြီး နိုင်ငံတော်က ဈေးကောင်းပေးဝယ်တဲ့အတွက် တောင်သူတွေကလည်း ငွေချည်(၆)ကိုပဲ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်ခဲ့ကြပါတယ်။ ဒီနှစ် ၂၀၀၈-၂၀၀၉စိုက်ပျိုးရာသီမှာ ငွေချည်(၆)ကို ၂၆၀၃၉၉ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းကလည်း တစ်ဧကကို ပိဿာ၁၀၀၀ကနေ ၁၆၀၀ အထိ ရှိနေပါတယ်။

ဒါကြောင့် ထွက်ရှိလာတဲ့ ဝါတွေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း လက်အောက်မှာရှိတဲ့ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနက ဝါအဝယ်စခန်းများ ဖွင့်လှစ်ပြီး ဝယ်ယူလျက်ရှိပါတယ်။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းကလည်း လက်အောက်မှာရှိတဲ့ ချည်မျှင်နှင့်အထည်စက်ရုံများ၊ ဝါကြိတ်စက်ရုံများအတွက် ငွေချည်(၆)အမျိုးအစား ချည်မျှင်ရှည်ဝါ ပိဿာ ၁၅သိန်း၊ ချည်မျှင်တိုဝါ အခြားအမျိုးအစားပိဿာ ငါးသိန်း၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ဝါဂွမ်းအဆင့် အေနှင့်ဘီအမျိုးအစား ပိဿာ သိန်း ၃၀ နဲ့ အခြား ချည်မျှင်ရှည်/တိုဝါ ဝါဂွမ်းအဆင့် စီနဲ့ဒီအမျိုးအစား ပိဿာသိန်း ၂၀တို့ကို ဝယ်ယူမယ်လို့ သိရပါတယ်။ ဒါ့အပြင် တပ်မတော်ပိုင်းကလည်း တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများအတွက် မိတ္ထီလာတပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ ပွင့်ဖြူ တပ်မတော်ဝါစိုက်ခင်း၊ ဟန်မြင့်မိုရ်လွန်ကျော်ဒေသ တပ်မတော်ဝါစိုက်ခင်းစတဲ့ စက်ရုံနဲ့စိုက်ခင်းတွေမှာ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဝါစိုက်တောင်သူများ ရောင်းချမှု အဆင်ပြေရေးအတွက်လည်း အဘက်ဘက်ကထောင့်စေ့အောင် စီမံဆောင်ရွက်ပေးနေပါတယ်။

ခြုံပြီးပြောရရင် ပြည်တွင်းကထွက်ရှိသမျှ စိုက်ပျိုးသီးနှံအားလုံးအတွက် ထုတ်လုပ်ရောင်းချမှု အဘက်ဘက်က အဆင်ပြေချောမွေ့ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုမဖြစ်ရအောင် နိုင်ငံတော်ပိုင်းက တာဝန်ယူဆောင်ရွက်ပေးနေတယ်ဆိုတာ မြင်သာထင်ရှားပါတယ်။ နိုင်ငံတော်အပိုင်းက နယ်စပ်ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်အောင် ဖြေလျှော့မှုတွေလည်း လုပ်ပေးနေပါတယ်။ ဒါ့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရဲ့ ဦးဆောင်မှုနဲ့ ပြည်ပဈေးကွက်ရှာဖွေရေးအဖွဲ့များ စေလွှတ်ဖို့အထိ စီမံဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကုန်စည်ဈေးနှုန်း ပြောင်းလဲမှုလျင်မြန်နှုန်းကိုလိုက်ပြီး မိမိပို့ကုန်ဈေးနှုန်းများ ပြောင်းလဲထိန်းညှိကာ ထိခိုက်နစ်နာမှုနည်းပါးအောင်လည်း စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် သီးနှံပို့ကုန်များ နိုင်ငံတကာဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူလယ်သမားတွေ ဝင်ငွေလျော့နည်းထိခိုက်မှု သက်သာစေဖို့အတွက် ထုတ်လုပ်မှုစရိတ်(Cost of Production)ကျဆင်းအောင်လည်း စီမံထားပါတယ်။ ဒါကတော့ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစတဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ ဈေးနှုန်းလျှော့နည်းသက်သာစွာရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ဖို့အတွက် ပြည်ပပို့ကုန်တိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက တွန်းအားပေးဆောင်ရွက်နေပါတယ်။ ပြည်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသက်သက်သာသာနဲ့ ရရှိအောင်၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်အောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်နေပါတယ်။ ဒီလို ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး အားပေးကူညီခြင်းအားဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမှာအမှန်ပါပဲ။

နိုင်ငံတော်အစိုးရနဲ့ UMFCCI လို စီးပွားရေးအဖွဲ့အစည်းတွေက ဦးဆောင်ပြီး ပြည်ပဈေးကွက်များရှာဖွေပေးနေချိန်မှာ ပြည်တွင်းထုတ်လုပ်သူများကလည်း ဈေးကွက်ခိုင်မာရေးအတွက် ကုန်ပစ္စည်းအရည်အသွေး ထိန်းသိမ်းခြင်း၊ လုပ်ငန်းအလိုက် အလေအလွင့်များ၊ မလိုလားအပ်သော ကုန်ကျစရိတ်များ လျှော့ချခြင်းတို့ကို ဆောင်ရွက်ပြီး မိမိတို့ပို့ကုန်များကို ပြည်ပဈေးကွက်မှာ ယှဉ်ပြိုင်နိုင်တဲ့ ဈေးနှုန်းရရှိအောင် ပြုလုပ်သင့်လှပါတယ်။ ဒါ့အပြင် မိမိတို့ ပို့ကုန်များ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှုအား ထိခိုက်စေနိုင်တဲ့အကြောင်းရင်းများကို အဖြေရှာပြီး ပြုပြင်ဆောင်ရွက်သွားသင့်ပါတယ်။ ဒါမှလည်း ပို့ကုန်တန်ဖိုးနဲ့ ပမာဏ မြင့်မားလာစေနိုင်မှာဖြစ်ပါတယ်။

အလုပ်အကိုင် အခွင့်အလမ်းကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးရရင် ဒါဟာ ကြိုတင်တွက်ဆ ပြင်ဆင်ထားရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြောင့် နိုင်ငံအသီးသီးမှာ စီးပွားရေးကျဆင်းပြီး အလုပ်သမား လျှော့ချမှုတွေ၊ အသုံးစရိတ်စိစစ်မှုတွေ အများကြီးလုပ်နေကြရပါတယ်။ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေမှာ ဝန်ထမ်းအင်အားကို ၂၀ရာခိုင်နှုန်းလောက်အထိ လျှော့ချနေရတယ်လို့လည်း မှတ်သားမိပါတယ်။ အလားတူ ဒေသတွင်းက စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်စတဲ့ ကျွန်တော်တို့ ရွှေမြန်မာအများစု သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ နိုင်ငံတွေမှာလည်း အလုပ်သမားလျှော့ချမှုတွေ စလုပ်နေကြပါပြီ။ ထပ်ပြီး အလုပ်ရှာဖို့သွားတဲ့ လူတွေလည်း အလုပ်မရနိုင်လို့ ပြန်လာနေကြပါတယ်။ အလုပ်ဖြုတ်ခံလိုက်ရလို့ ပြည်တော်ပြန်လာကြသူတွေလည်း ရှိနေပါတယ်။ ဒါကလည်း နိုင်ငံတကာနဲ့ ဆိုင်တဲ့ ပြဿနာတစ်ရပ်ဖြစ်လို့ ကျွန်တော်တို့လည်း ဘယ်လိုမှ ရှောင်လွှဲနိုင်မှာ မဟုတ်ပါဘူး။ ပြည်တော်ပြန်လာတဲ့ ကိုယ့်နိုင်ငံသားတွေကို နွေးနွေးထွေးထွေးကြိုဆိုပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာအောင် စီမံပေးရမှာပါပဲ။

ကျွန်တော်မြင်မိသလောက်ပြောရရင် နိုင်ငံနဲ့အဝန်း ရောက်လေရာရာ မြင်ကွင်းမဆုံးနိုင်တဲ့ လယ်ယာမြေတွေမှာ၊ တနင်္သာရီကမ်းရိုးတန်းဘက်က ဆီအုန်းခြံကြီးတွေမှာ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ဆားလုပ်ငန်းတွေမှာ လယ်သမား၊ အလုပ်သမားဝန်ထမ်းအင်အား အမြောက်အမြား လိုအပ်နေပါတယ်။ ဒါ့အပြင် ရော်ဘာလုပ်ငန်း၊ ကျွန်းစိုက်ခင်းလုပ်ငန်းနဲ့ သစ်ထုတ်လုပ်ရေး လုပ်ငန်းတွေမှာလည်း အလုပ်သမား လိုအပ်ချက်တွေ ရှိနေဆဲပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

> **အခုလိုအချိန်မျိုးမှာ လူတိုင်းလူတိုင်းဟာ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြရမယ်လို့ ပြောချင်ပါတယ်။ ဘယ်သူမဆို ဝိသမလောဘယှဉ်ပြီး ကိုယ်ကျိုးအတ္တကိုချည်းပဲ ရှေ့တန်းတင်နေလို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ညီညွတ်ရင်၊ မျှတရင်၊ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြမယ်ဆိုရင် ဒီအခက်အခဲပြဿနာဆိုတာ အသေးအမွှားအပယ်ကပါပဲ။ ငွေကြေးနဲ့ စီးပွားရေးသံသရာထဲမှာ ကျင်လည်နေကြတဲ့ ကုန်သည်အသင်းအဖွဲ့တွေ၊ ကုန်စည်ဒိုင်တွေ၊ ကုန်သည်တွေအပိုင်းကလည်း ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာဈေးကွက်အခြေအနေပေါ်မူတည်ပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ မိမိတို့အကျိုးကို မျှတအောင်ကြည့်ကြဖို့၊ တွေ့ကြုံလာတဲ့ အခက်အခဲများကို ပူးပေါင်းဖြေရှင်းကျော်လွှားကြဖို့၊ ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်မှုများ မှန်ကန်သွက်လက်အောင် ကြိုးပမ်းကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက် ပုံမှန်လည်ပတ်နိုင်နေရင် ဘာစီးပွားပြဿနာကိုမှ မှုနေစရာမလိုဘူးလို့ ပြောချင်ပါတယ်။**

19-12 (10).pmd 1 12/19/2008, 2:14 AM

သုံးခွမြို့နယ် တကောကျေးရွာအနီး တကောချောင်းပေါ်တွင် ဆည်မြောင်း ဦးစီးဌာနက တည်ဆောက်ထားသည့် စိုက်ပျိုးမြေဧက ၁၅၀၀၀ အကျိုးပြုလျက်ရှိသော တကောရေထိန်းတံခါးကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

■ *ကျော့ဖုံးမှ*

ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေရာသီတွင် ရေပိုမိုရရှိရေးအတွက် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာနသည် ကျောက်တန်းမြို့နယ်တွင် ကဒပွန ရေထိန်းတံခါးစီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ထပ်မံတည်ဆောက်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များရှိ ရေကြီး ရေလွှမ်းကွင်းများတွင် မိုးရာသီ မြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ကုန်းတွင်းသို့ ဝင်ရောက်မှု မရှိစေရန်နှင့် မြစ်ရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှု လျော့နည်း သက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင် ထိန်းသိမ်းထားပြီး မိုးစပါး အောင်ရေ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းပေးနိုင်ရန်နှင့် နွေရာသီ ရေချို ပိုမိုရရှိစေရန်၊ နွေရာသီတွင် ပင်လယ် ဆားငန်ရေနှင့် သဲနုန်းများ ကွင်းအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို တားဆီးပေးနိုင်ရန်ဆိုသော ရည်ရွယ်ချက်များဖြင့် ဆည်မြောင်းဦးစီးဌာနက သန်လျင်မြို့နယ်တွင် ခရမ်းရေထိန်းတံခါးကို လည်းကောင်း၊ သုံးခွမြို့နယ်တွင် တကောရေထိန်းတံခါးကို လည်းကောင်း တည်ဆောက်ပေးခဲ့ပြီး ယခုအခါ ကျောက်တန်းမြို့နယ်တွင် ကဒပွန ရေထိန်းတံခါးကို ထပ်မံတည်ဆောက်နေခြင်းဖြစ်သည်။

အကျိုးပြု

သန်လျင်မြို့နယ် ချောင်းဝရွာဟောင်း အနီး ခရမ်းချောင်းပေါ်တွင် ဆည်မြောင်း ဦးစီးဌာနက တည်ဆောက်ထားသော ခရမ်း ရေထိန်းတံခါးသည် သံကူကွန်ကရစ် ရေထုတ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ၁၄၂၈တုရန်းမိုင်၊ ရေခေါ် မြောင်းမကြီး အလျားပေ၄၀၀၀၊ ရေထုတ် မြောင်းမကြီး အလျားပေ၂၅၀၀ရှည်လျား ကာ အမြင့် ၁၆ပေ၊ အကျယ်ခြောက်ပေ အရွယ်အစားရှိ ရေတံခါးအပေါက်၄၀ပါဝင် သည်။ ၂၀၀၅ခုနှစ် မေ၂ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ရာ စိုက်ပျိုးမြေဧက ၃၀၀၀၀ကို အကျိုး ပြုလျက်ရှိသည်။

သုံးခွမြို့နယ် တကောကျေးရွာအနီး တကောချောင်းပေါ်တွင် ဆည်မြောင်းဦးစီး ဌာနက တည်ဆောက်ထားသည့် တကော ရေထိန်းတံခါးသည် သံကူကွန်ကရစ် ရေထုတ် ရေထိန်းတံခါးအမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ စတုရန်းမိုင်၆၀၊ ရေခေါ် မြောင်းမကြီး အလျား၁၀၈၅ပေ၊ ရေထုတ် မြောင်းမကြီးပေ၅၀၀ရှည်လျားကာ အကျယ် ခြောက်ပေ၊ အမြင့် ၁၆ပေအရွယ်အစားရှိ ရေတံခါး၂၁ပေါက်ပါဝင်သည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ပြီးစီးခဲ့ရာ စိုက်ပျိုးမြေဧက၁၅၀၀၀ကို အကျိုးပြု လျက်ရှိသည်။

အကျိုးပြု

ကျောက်တန်းမြို့နယ် ကဒပွန ကျေးရွာအနီး ကဒပွနချောင်းပေါ်တွင် ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူ တည်ဆောက်လျက် ရှိသည့် ကဒပွန ရေထိန်းတံခါးသည် သံကူကွန်ကရစ် ရေထုတ်ရေထိန်း တံခါး အမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ၅၄ဒသမ၆စတုရန်းမိုင်၊ ရေခေါ်မြောင်းမ ကြီး ပေ၂၀၀၀၊ ရေထုတ်မြောင်းမကြီး ပေ၁၀၀၀ ရှည်လျားကာ အကျယ် ခြောက်ပေ၊ အမြင့် ၁၆ပေ အရွယ်အစားရှိ ရေတံခါး၂၇ပေါက်ပါဝင်သည်။ စီမံကိန်း ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၅၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

အပြီးဆောက်မည်

ကဒပွန ရေထိန်းတံခါးကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် စတင်တည် ဆောက်ခဲ့ရာ ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ် တွင် အပြီးတည်ဆောက်သွားမည်ဖြစ် ကြောင်း သိရသည်။

အကျိုးဖြစ်ထွန်းမည်

ကဒပွနရေထိန်းတံခါး တည်ဆောက် ပြီးစီးပါက ရေကြီးရေလွှမ်းကွင်းများ အတွင်းရှိ စိုက်ပျိုးသီးနှံများကို ရေကြီး နစ်မြုပ်မှုမှ ကာကွယ်ပေးနိုင် မည့်အပြင် နွေရာသီတွင် နွေစပါးနှင့် အခြားစိုက်ပျိုး သီးနှံများအတွက်လည်း ရေချိုပေးသွင်း နိုင်မည်ဖြစ်၍ စိုက်ပျိုးရေး၊ လမ်းပန်း ဆက်သွယ်ရေးများ ပိုမို အကျိုးဖြစ်ထွန်း လာမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါ သည်။ ။

သန်လျင်မြို့နယ် ချောင်းဝရွာဟောင်း အနီး ခရမ်းချောင်းပေါ်တွင် တည်ဆောက် ထားသည့် စိုက်ပျိုးမြေဧက ၃၀၀၀၀ အကျိုးပြုလျက်ရှိသော ခရမ်းရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ဖီဖာကမ္ဘာ့ကလပ်ဘောလုံးပြိုင်ပွဲ မန်ယူတို့ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည်

ယိုကိုဟားမား ဒီဇင်ဘာ ၁၈

ဖီဖာကမ္ဘာ့ကလပ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဒီဇင်ဘာ ၁၈ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ အိမ်ရှင် ဂျပန်ကလပ် ဂမ်ဘာအိုဆာကာနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်ယူက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဂိုးသွင်းခွင့်

အာရှချန်ပီယံရှစ်၌ ဗိုလ်စွဲခဲ့သော ဂျပန်ကလပ် ဂမ်ဘာအိုဆာကာတို့ မန်ယူကို ခြေရည်တူ ကစားနိုင်အောင် ကြိုးစားအားထုတ်ခဲ့ရသည်။ မန်ယူက တီဗက်ဇ်၊ စီရိုနယ်ဒို၊ ပေါလ်စခိုး၊ နာနီ၊ ဂစ်၊ အန်ဒါဆင်တို့ ကစားအားဖြင့် ဂမ်ဘာအိုဆာကာ နောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့်အကြိမ်များစွာရရှိခဲ့သည်။

ဝင်ရောက်ကစား

အာရှချန်ပီယံရှစ်၌ခြေစွမ်းပြခဲ့သော ဂမ်ဘာအိုဆာကာ၏ ဘင်တို၊ ယာမာဇာကီး၊ လူကက်စ်နှင့် ယာဆူဒါတို့လည်း ခြေပေါ်အောင် မကစားနိုင်ခဲ့ချေ။ မန်ယူတို့ ဖိကစားခဲ့ရာ ၂၇ မိနစ်၌ ဗီဒစ်က မန်ယူအတွက် အဖွင့်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည်။ ချေပဂိုးရရှိရေး ဂမ်ဘာ အိုဆာကာ တိုက်စစ်မှူး ယာမာဇာကီနှင့် ဘင်တိုတို့ ကြိုးစားခဲ့သော်လည်း မန်ယူ နောက်တန်းကို ထိရောက်စွာ မထိုးဖောက်နိုင်ဘဲဖြစ်ခဲ့ရာမှ မန်ယူအတွက် ဒုတိယဂိုးကို ၄၅မိနစ်၌ စီရိုနယ်ဒိုက ခေါင်းတိုက်သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်းမှာပင် မန်ယူတို့ နှစ်ဂိုးပြတ်နိုင်နေခဲ့သည်။ မန်ယူက ဒုတိယပိုင်း ၆၇မိနစ်တွင် ပေါလ်စခိုးအစား ဖလက်ချာ၊ ဗီဒစ်အစား အီဗင်စ်နှင့် ၇၃မိနစ်၌ တီဗက်ဇ်အစား ရွန်နေတို့ ပါဝင်ကစားခဲ့ကြသည်။

ဖီဖာကမ္ဘာ့ကလပ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ဂမ်ဘာအိုဆာကာနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားရာ မန်ယူအတွက် တတိယဂိုးကို ရွန်နေက ဤသို့ သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

သွင်းယူပေး

ဂမ်ဘာအိုဆာကာအတွက် ချေပဂိုးကို ၇၄မိနစ်၌ တိုက်စစ်မှူး ယာမာဇာကီက သွင်းယူပေးသော်လည်း ၇၅မိနစ်၌ မန်ယူအတွက် တတိယဂိုးကို ရွန်နေက သွင်းယူ ပေးနိုင်ခဲ့သည်။ မန်ယူတို့ အပေးအယူမှန်မှန်ဖြင့်သာ ကစားနေရာမှ ၇၈မိနစ်၌ ဖလက်ချာက မန်ယူအတွက် စတုတ္ထဂိုး သွင်းယူပေးခဲ့ပြန်သည်။

မန်ယူတို့ဆက်တိုက်ဖိကစားခဲ့ရာ ၇၉ မိနစ်၌ ရွန်နေက မန်ယူအတွက် ပဉ္စမ မြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ၈၄မိနစ်၌ မန်ယူဂိုးဧရိယာအတွင်း နောက်ခံလူ ဂယ်ရီနဗီးလ် လက်ထိသောကြောင့် ပယ်နယ်တီပေးခံခဲ့ရာမှ ဂမ်ဘာ အိုဆာကာ ကွင်းလယ်ကစားသမားအင်ဒိုက သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

ချေပဂိုး

ဂမ်ဘာအိုဆာကာအတွက် တတိယမြောက်ချေပဂိုးကို မိနစ် ၉၀၌ ကွင်းလယ် ကစားသမား ဟာရှီမိုတိုက သွင်းယူပေးခဲ့သဖြင့် မန်ယူတို့ ငါးဂိုး-သုံးဂိုးဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲ

ဖီဖာကမ္ဘာ့ကလပ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ဒီဇင်ဘာ၂၁ရက်(**တနင်္ဂနွေနေ့**)၌ ကျင်းပမည်ဖြစ်ရာ မန်ယူနှင့် အီကွေဒေါကလပ် အယ်ဒီယူကွီတိုတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဖီဖာကမ္ဘာ့ကလပ် ဘောလုံးပြိုင်ပွဲအဖြစ် ၂၀၀၅ခုနှစ်မှ အမည်ပြောင်းလဲ ကျင်းပခဲ့သည့်နောက်ပိုင်း အင်္ဂလန်ကလပ်အသင်း တစ်သင်းအနေဖြင့် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

စာမျက်နှာ ၁၀မှအဆက်

အလားတူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ် ဘက်မှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းတွေမှာလည်း ဝန်ထမ်းအင်အားတွေ လိုအပ်နေမှာပါပဲ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လယ်ယာလုပ်ငန်း၊ တောင်သူ လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအားလုံးမှာ အလုပ် အကိုင် အခွင့်အလမ်းတွေ အများကြီးရှိနေမယ်လို့ မျှော်လင့်ပါတယ်။ ဘာပဲ ဖြစ်ဖြစ် ပြည်တော်ပြန်လာမယ့် မြန်မာအလုပ်သမားများကို နိုင်ငံတော်က အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖော်ဆောင်ပေးသွားမှာ ဖြစ်တဲ့အတွက် ဒီပြဿနာကို အခက်အခဲမရှိ ကျော်လွှားဖြေရှင်းနိုင်မှာ အသေအချာပါပဲ။

ဒါပေမယ့် **အခုလိုအချိန်မျိုးမှာ လူတိုင်းလူတိုင်းဟာ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြရမယ်လို့ ပြောချင်ပါတယ်။ ဘယ်သူမဆို ဝိသမ လောဘယှဉ်ပြီး ကိုယ်ကျိုးအတ္တကိုချည်းပဲ ရှေ့တန်းတင်နေလို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ညီညွတ်ရင်၊ မျှတရင်၊ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြ မယ်ဆိုရင် ဒီအခက်အခဲပြဿနာဆိုတာ အသေးအမွှား အပယ်ကပါပဲ။ ငွေကြေးနဲ့ စီးပွားရေးသံသရာထဲမှာ ကျင်လည်နေကြတဲ့ ကုန်သည်အသင်း အဖွဲ့တွေ၊ ကုန်စည်ဒိုင်တွေ၊ ကုန်သည်တွေအပိုင်းကလည်း ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာဈေးကွက်အခြေအနေပေါ်မူတည်ပြီး နိုင်ငံအကျိုး၊ ပြည်သူ့ အကျိုး၊ မိမိတို့အကျိုးကို မျှတအောင်ကြည့်ကြဖို့၊ တွေ့ကြုံလာတဲ့ အခက်အခဲများကို ပူးပေါင်းဖြေရှင်းကျော်လွှားကြဖို့ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုများ မှန်ကန်သွက်လက်အောင် ကြိုးပမ်းကြဖို့လိုအပ်မှာဖြစ်ပါတယ်။ ပြည်တွင်း ဈေးကွက်ပုံမှန်လည်ပတ်နိုင်နေရင် ဘာစီးပွားပြဿနာကိုမှ မှုနေစရာမလို ဘူးလို့ ပြောချင်ပါတယ်။**

ခြုံပြီးပြောရရင် ယခုရင်ဆိုင်နေရတဲ့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ကြောင့် ကမ္ဘာ့စီးပွားရေးဟာ လုံးဝဥသုံပြိုလဲသွားနိုင်ဖို့ အလားအလာ နည်းပါး ပါတယ်လို့ ဆိုသူတွေက ဆိုကြပါတယ်။ စီးပွားရေးအရ တစ်နှစ် နှစ်နှစ်ခန့် အတွင်း ပြန်ပြီးနာလန်ထူနိုင်ဖွယ်ရှိတယ်လို့လည်း ခန့်မှန်းချက်တွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်နဲ့ စီးပွားရေးထိပ်သီး အနောက်အုပ်စုရဲ့ ဦးဆောင်မှုအပေါ် ကမ္ဘာက ယုံကြည်မှုလျော့ကျသွားမှာ တော့ အမှန်ပါပဲ။ ဒီအကျိုးဆက်အဖြစ် ဒေသအလိုက် စီးပွားရေးအုပ်စု တွေအကြားမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒတွေ ထွန်းကားလာနိုင်တာ ကိုလည်း မျှော်လင့်ထားရပါမယ်။

ကျွန်တော့်အမြင်အရတော့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်စေ၊ ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်မှုပြဿနာဖြစ်စေ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော် တို့ပြည်သူတွေအတွက် အထူးတလည် စိုးရိမ်ပူပန်ကြောင့်ကြနေဖို့ မလိုအပ်ပါ ဘူး။ ကျွန်တော်တို့နိုင်ငံအပေါ်လည်း များများစားစားထိခိုက်ဖို့ မရှိနိုင်ပါဘူး။ ဆန့်ကျင်ဘက် မီဒီယာတွေက ပြောနေသလို စပါးဈေး၊ ပဲဈေးတွေကျ၊ ကားဈေး တွေကျ၊ မြေဈေး၊ အိမ်ဈေးတွေကျ၊ ပြည်သူတွေ စီးပွားပျက်ပြီး ဒုက္ခရောက် နေရပါပြီဆိုတဲ့ ခြောက်လုံး၊ လှန့်လုံးတွေကိုလည်း နားမယောင် စေချင်ပါဘူး။ တကယ့်အခြေအနေမှန်တွေကို ကျွန်တော် ဆွေးနွေးခဲ့ပြီးပါပြီ။ မလိုသူတွေ ဘယ်လိုပဲပြောပြော ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်အား ကိုယ်ကိုး ရပ်တည်ရှင်သန်နေထိုင်လာတဲ့ ကျွန်တော်တို့လို နိုင်ငံတစ်နိုင်ငံ အတွက် အခက်အခဲ ပြဿနာအားလုံးကို အောင်အောင်မြင်မြင် ကျော်လွှား ဖြတ်သန်းလာနိုင်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး မဟုတ်လား။ ဒါကို မှန်မှန်ကန်ကန် ရှုမြင်နားလည်ကြစေချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် အမေရိကန်နဲ့ အနောက်အုပ်စုက ကျွန်တော် တို့ နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေလုပ်တယ်၊ အမျိုးမျိုးကန့်သတ်ဖိနှိပ်မှု တွေလုပ်တယ်၊ အမျိုးမျိုးပုတ်ခတ်စွပ်စွဲ တိုက်ခိုက်မှုတွေလုပ်တယ်။ သို့သော် ကျွန်တော်တို့နိုင်ငံက ပစ်တိုင်းထောင်နိုင်ငံပါ။ ကျွန်တော်တို့လူမျိုးက ပစ်တိုင်း ထောင်လူမျိုးပါ။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် မားမားမတ်မတ် ရပ်တည်ရင်ဆိုင်ကျော်လွှားပြီး အပြုံးမပျက်တဲ့သမိုင်းကြောင်း အစဉ်အလာ တွေက အထင်အရှားရှိခဲ့ပြီးပါပြီ။

အခုကျွန်တော်တို့ကို စီးပွားရေးပိတ်ဆို့တဲ့နိုင်ငံကြီးတွေမှာ ဘဏ္ဍာရေး အကျပ်အတည်းတွေ၊ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုတွေ အပြင်းအထန် ထိခိုက် ခံစားနေရပြီမဟုတ်လား။ သူတို့ဆီကကောင်းကျိုးစီးပွားကို ကျွန်တော်တို့ မရ ခဲ့ပေမယ့် သူတို့ဆီကလာတဲ့ ဆိုးကျိုးဒုက္ခကိုတော့ Globalization ဖြစ်စဉ်အရ မျှဝေခံစားကြရတော့မှာပါ။ ဒီအတွက် ကျွန်တော်တို့က သူတို့အပေါ် မေတ္တာ မပျက်သလို ရင်ဆိုင်ရမယ့်အခက်အခဲအတွက်လည်း မျက်နှာ ပျက်စရာ မရှိပါဘူး။ အဓိကကတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော် ဆိုတဲ့ အင်အားစုသုံးရပ် စည်းလုံးညီညွတ်ပြီး ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်သွားနိုင်ဖို့ပဲ လိုပါ တယ်။ ကျွန်တော်တို့ဟာ ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးဆိုတာ မမေ့ကြရင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဆိုတာကြောင့်တော့ အပြုံး ပျက်စရာမလိုပါဘူးလို့ပဲ ပြောလိုက်ပါရစေ။ ။

တစ်နှစ်ထက်တစ်နှစ် ချေးငွေ၊ အပ်ငွေများတိုးတက်လာ ဘဏ်ခွဲများ ၁၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့ အစုပေါ် အမြတ်ငွေ ၂၂ရာခိုင်နှုန်းအထိ ခွဲဝေပေး

ရန်ကုန် ဒီဇင်ဘာ ၁၈

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမဘဏ်လီမိတက်နာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တက်ရောက်၍ အမှာစကား ပြောကြားရာတွင် သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်၏ ငွေကြေးဆိုင်ရာ မူဝါဒများအရ အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင်လည်း ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေနှင့် ဗဟိုဘဏ်က ချမှတ်ထားသည့် ဥပဒေများကို လိုက်နာအကောင်အထည်ဖော်ရသော အဖွဲ့အစည်းဖြစ်ကြောင်း။

သမဝါယမဘဏ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် စီးပွားရေးကဏ္ဍစုံ တိုးတက်လာရေးအတွက် ငွေကြေးအရင်းအနှီး ဖြည့်ဆည်းပေးမည့် ပင်မရေသောက်မြစ်ဖြစ်ရန် အထူးလိုအပ်ကြောင်း၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကများအား ငွေကြေးများ တိုးတက်ထုတ်ချေးလာနေသည်ကိုလည်း တွေ့ရကြောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုနှင့် ပြည်ပပို့ကုန်တင်ပို့ရေးတွင် အထူးအာရုံစိုက်ဆောင်ရွက်သွားကြရန် လိုကြောင်း။

တောင့်တင်းခိုင်မာ

ထို့အပြင် တစ်နှစ်ထက်တစ်နှစ် ချေးငွေ၊ အပ်ငွေများတိုးတက်လာသည်ကို တွေ့ရကြောင်း၊ ဘဏ်ခွဲများ ၁၆ခု အထိ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက်လည်း မတည်ရင်းနှီးငွေ၊ အပ်နှံငွေ၊ အမြတ်ငွေများ တိုးတက်လာသကဲ့သို့ အစုပေါ် အမြတ်ငွေများ အနေဖြင့်လည်း ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၇ ရာခိုင်နှုန်း၊၂၀၀၇-၂၀၀၈ခုနှစ်တွင် ၂၂ရာခိုင်နှုန်းအထိ တိုးတက်များပြားစွာ ခွဲဝေပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ငွေကျပ် ၁၀၀၀၀တန် အစုတစ်စု၏ တန်ဖိုးသည်လည်း ငွေ ၁၅၆၅၈ကျပ်အထိ တိုးတက်လာပြီး ၂၀၀၈-၂၀၀၉ခုနှစ် ယခုအချိန်တွင် ငွေကျပ် ၁၀၀၀၀တန် အစုရှယ်ယာတစ်စု၏တန်ဖိုးသည် ငွေကျပ် ၂၀၀၀၀ခန့်ရှိသည့်အတွက် တောင့်တင်းခိုင်မာသည့် ဘဏ်ကြီးဖြစ်သည်ကို တွေ့ရကြောင်းဖြင့် ပြောကြားသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေး ရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာနှင့် အစုရှယ်ယာများအပေါ် အမြတ်ခွဲဝေမှုတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူကာ ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်သည့် ဒါရိုက်တာအဖွဲ့သစ်ကို အစုရှယ်ယာရှင်များက ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌ ဦးခင်မောင်အေးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC ပင်မတာမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ပင်မတာမံကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက်ပိုင်းက အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Guan Mu** နှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များသည် RCC ပင်မတာမံကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် 2.5 ton Vibrating Roller အား မောင်းနှင်၍ RCC ပင်မတာမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပေးသည်။

စီမံကိန်းဖြစ်

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် RCC ကွန်ကရစ်ပင်မတာမံ အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေ၊ တမံ RCC ကွန်ကရစ်ထုထည် ၈၇၀၆၇၇ကျင်းရှိ၍ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ရှိမည့် စီမံကိန်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ဆောက်သော RCC အမျိုးအစားကွန်ကရစ်တမံဖြစ်ရာ ကမ္ဘာပေါ်တွင် ဆောင်ရွက်ပြီး RCC ကွန်ကရစ်သွန်းလောင်းမှုနှုန်း အမြန်ဆုံးစာရင်းတွင် အမှတ်စဉ်(၉)နေရာ၌ ရပ်တည်သော တမံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ မလေးရှားသို့ ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဒီဇင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် Asia Hockey Development Workshop သို့တက်ရောက်ရန် တပ်မတော်ဟော်ကီကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးညိုမင်းလွင် ဦးဆောင်သည့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ **(အောက်ပုံ)** သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်နည်းပြ ဒုအရာခံဗိုလ်မင်းသူချစ်နှင့် ဒိုင်လူကြီးရဲအုပ်ကွန်းစိုးတို့ ပါဝင်ကြပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ အထူးဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

Concordia International Co., Ltd. နှင့် Fortune International Ltd တို့ ပူးပေါင်းကျင်းပသော ဒီဇင်ဘာအထူး ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

ခင်းကျင်းပြသ

အဆိုပါ ဈေးရောင်းပွဲတော်တွင် Concordia International Co., Ltd.က မြန်မာနိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်သည့် Fuji Xerox အမှတ်တံဆိပ် နောက်ဆုံးပေါ် ဘက်စုံသုံး မိတ္တူကူးစက်များ၊ ကာလာအဖြူ၊ အမည်းမိတ္တူ ကူးစက်များ၊ ကာလာအဖြူ၊ အမည်း လေဆာပရင်တာများ၊ မြန်နှုန်းမြင့် A_3 Color Scanner များ၊ Projector များ၊ Electronic Copy Board များ၊ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ မျက်စိကုသမှုနှင့်ဆိုင်သော အထောက်အကူပြုပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဒီဂျစ်တယ် သွေးပေါင်ချိန်စက်များ၊ ဆီးချို၊ သွေးချိုတိုင်းကိရိယာများ၊ ရှေးဦးသူနာပြု First Aid Kit များ၊ Complan အင်အားဖြည့်အာဟာရမှုန့်များ၊ Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများ ဖြစ်သော Digital Theodolite များ၊ Auto Level များ၊ Laser Level များ၊ Geodetic Total Station များ၊ Differential (GPS) များ၊ Germin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဓာတ်ခွဲခန်းသုံး၊ အအေးခန်းသုံး၊ ရွှေချိန်သုံး၊ ဒီဂျစ်တယ်ချိန်ခွင်များ စသည်တို့ကို ခင်းကျင်းပြသထားသည်။

Fortune Internationalလီမိတက်က ပြသထားသည့် ပစ္စည်းများမှာ Korea နိုင်ငံမှထုတ်သော SIGMA အမှတ်တံဆိပ်ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့် ဆေးပစ္စည်းများဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး(Livovax-B)၊ သွေးချိန်တိုင်းစက်၊ ပလာစတာများ၊ ဓာတ်မှန်သုံးပစ္စည်း၊ ကျောက်ပတ်တီးများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော (CDMA 450 Hand-Sets၊ GSM Access Kit) များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာပြန်ဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Nayigation & Communication ပစ္စည်းများဖြစ်သည်။

ဆက်သွယ်နိုင်

Concordia International Co., Ltd. ကိုဆက်သွယ်လိုပါက ရန်ကုန်မြို့၌ ဖုန်း-၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၆၀၇၆၊ မန္တလေးမြို့၌ ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀-၆၇၁၇၂၊ ၀၉-၅၀-၆၂၅၉၇နှင့် နေပြည်တော်၌ ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၀၆၇-၄၂၁၃၆၂တို့သို့လည်းကောင်း၊ Fortune International Ltd ကိုဆက်သွယ်လိုပါက ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၂၊ ၂၁၁၃၅၃၊ ၂၁၁၃၅၄၊ မန္တလေးမြို့၌ ဖုန်း-၀၂-၃၉၆၃၁၊ ၃၉၆၃၂၊ နေပြည်တော်၌ ဖုန်း-၀၆၇-၄၂၁၈၃၊ ၄၂၁၈၅၊ ၄၂၁၈၆ တို့သို့ လည်းကောင်း အသီးသီး ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ အချိန်ပြည့်အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်းပြည်ပ ဆရာ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာကြည့်တိုက်ရန်ပုံငွေအတွက် လှူဒါန်းငွေကျပ် နှစ်သိန်းကို ဥက္ကဋ္ဌ ဦးအုန်းကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အမှုဆောင် ဦးဝင်းနိုင်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ဖေနှင့် ဦးမြင့်စိုးတို့ထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ၁၉၉၅ခုနှစ် ဇန်နဝါရီလ မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများမှ တတိယအကြိမ် လှူဒါန်းငွေကျပ် ၁၁သိန်းကို ဦးမြတ်ခိုင်ဆွေ၊ ဒေါ်အောင်မေဦးနှင့် ဒေါ်ခင်သီတာတို့က ကျောင်းသား ကျောင်းသူများ ကိုယ်စား ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကျော်ထံသို့လည်းကောင်း၊ ၁၉၈၂ ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူများကိုယ်စား ဒေါ်မာလာဆွေ၊ ဒေါ်သင်းသင်းချို၊ ဒေါ်နှင်းနွယ်အေးနှင့် ဒေါ်သန်းသန်းဝင်းတို့က ငွေကျပ်ငါးသိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးကျော်လင်းထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(မြန်မာ့အလင်း)

ရေယာဉ်လေလံကြော်ငြာချက်

၁။ ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ်(၅၈)စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင် မြင်းကောင်ရေ
မြိတ် (၂၂-၁၂-၂၀၀၈)			
၁	သစ်မှောင်ခိုလှေ	၆၇.၁၁×၁၂×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၅
၂	သစ်မှောင်ခိုလှေ	၆၂×၁၃×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၅
၃	သစ်မှောင်ခိုလှေ	၇၁.၁၀×၁၄×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၅
၄	သစ်မှောင်ခိုလှေ	၆၂.၇×၁၅×၅	ဟီးနိုးအီးအိပ်ချ်-၅၀၀၊မြင်း-၂၀၀
၅	သစ်မှောင်ခိုလှေ	၇၆.၇×၁၉×၅	နီဆန်းအင်ဂျင်(၆)လုံးထိုး၊ မြင်း-၂၅၀
၆	ယိုးဒယားငါးခိုး (ဝါးလတ်လှေ)	၇၁.၃×၁၇.၇×၇.၄	ကမ်းမင်းအင်ဂျင်(၆)လုံးထိုး၊ မြင်း-
၇	ယိုးဒယားငါးခိုး (ဝါးလတ်လှေ)	၅၃.၅×၁၄.၉×၅.၁၀	ဟီးနိုးအင်ဂျင်၊အီးကေ-၁၀၀(၆)လုံးထိုး၊ မြင်း-၂၈၀
၈	သစ်ခိုးလှေ	၅၇.၁×၁၂.၇×၄.၈	နစ်ဆန်းအင်ဂျင်(၆)လုံးထိုး၊မြင်း-၁၈၅
၉	သစ်ခိုးလှေ	၆၃.၃×၁၀.၆×၄.၉	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၁၆၅
၁၀	ငါးကဲ့လှေ	၆၆×၁၃.၈×၅	ဟီးနိုးအိပ်ချ်အို-၇စီ၊ မြင်း-၁၈၅
၁၁	ငွေပင်လယ်-၁၀၂ (ဝါးလတ်လှေ)	၆၀×၁၄×၆	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၂၅၀
၁၂	ငွေပင်လယ်-၁၀၆ (ဝါးလတ်လှေ)	၆၅×၁၄×၆	ဟီးနိုးအင်ဂျင်(၆)လုံးထိုး၊ မြင်း-၃၅၀
၁၃	ယိုးဒယား ကင်းမွန်မီးထွန်းလှေ	၄၇.၁၀×၁၃.၉ ၆.၁၀	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၀
၁၄	သစ်ခိုးလှေ	၇၀.၂×၁၄×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၅၀
၁၅	သစ်ခိုးလှေ	၆၆×၁၀.၄×၅	နစ်ဆန်းပီဒီ-၆အင်ဂျင်၊ မြင်း-၁၅၀
ကော့သောင်း(၂၄-၁၂-၂၀၀၈)			
၁	ဝေယံဖြိုး (မီးသွေးလှေ)	၄၄×၆.၅×၃	တရုတ်နီ၊ မြင်း၈/၁၀(၁)လုံး၊ မြင်း၂၅ (၁)လုံး
၂	ငါးကဲ့လှေ	၄၈×၁၀×၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၅
၃	ငါးကဲ့လှေ	၅၅×၉.၆×၅.၆	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၈၅
၄	ရှပ်ခရုခိုးလှေ	၃၇×၇×၂	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၅	ရှပ်ခရုခိုးလှေ	၄၄×၇×၂	တရုတ်နီ၊ မြင်း-၂၅
၆	မြတ်အောင်စည်	၆၈×၁၆×၅	ဟီးနိုးအီးဒီ၊ မြင်း-၂၄၀
၇	ငါးဖုံးခွဲလှေ	၃၆×၆.၆×၂	တရုတ်နီ၊ မြင်း-၈/၁၀
၈	ငါးဖုံးခွဲလှေ	၃၅×၅×၃	တရုတ်နီ၊ မြင်း-၈/၁၀(၂)လုံး၊ (၁)လုံး မကောင်း
၉	ရှပ်ခရုခိုးလှေ	၃၆.၆×၆.၆×၂	အီစူဇူးအင်ဂျင်၊မြင်း-
၁၀	ရှပ်ခရုခိုးလှေ	၃၅.၆×၆.၆×၂	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၁၁	ရှပ်ခရုခိုးလှေ	၃၇×၆.၆×၃	နစ်ဆန်းအင်ဂျင်(၄)လုံးထိုး၊ မြင်း-၉၀
၁၂	ရှပ်ခရုခိုးလှေ	၃၅.၆×၇.၆×၂	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-
၁၃	သစ်ခိုးလှေ	၅၆×၁၁.၆×၅.၈	နစ်ဆန်းအင်ဂျင်၊ မြင်း-၁၈၅
၁၄	ရှပ်ခရုခိုးလှေ	၄၃×၈×၃	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-၂၀၀
၁၅	ရှပ်ခရုခိုးလှေ	၅၀×၉×၄	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-၁၅၀
၁၆	ရှပ်ခရုခိုးလှေ	၅၁×၉×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၆၀
၁၇	စိန်ရွှေဖြူ(၃)	၅၁×၁၁×၅	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-၁၅၀
၁၈	ရှပ်ခရုခိုးလှေ	၆၀×၁၁×၄	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ မြင်း-၂၀၀
၁၉	ရှပ်ခရုခိုးလှေ	၅၁×၉×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၆၀
၂၀	ရှပ်ခရုခိုးလှေ	၆၄×၁၂×၅	ဟီးနိုးအီးကေ-၁၀၀၊ မြင်း-၂၀၀
၂၁	မြဟသ်ာ	၄၉×၉.၆×၅	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၂	လူပျိုကြီး	၄၁×၉.၆×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၃	ရွှေဟသ်ာ	၃၉×၉.၁၀×၄.၆	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၄	အောင်ယူသိမ်း	၃၈×၈×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၅	တိုးတက်အောင်	၃၉×၁၀×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၆	မင်္ဂလာဝင်း	၄၃×၉.၅×၃	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၇	တိုးပွားကြီး	၃၇×၇.၆×၄	မစ်ဆူဘီရှီ(၄)လုံးထိုး၊ မြင်း-၈၅
၂၈	ယိုးဒယား ခရုဒရွတ်ဆွဲလှေ	၅၆×၁၅×၆	ဟီးနိုးအင်ဂျင်(၈)လုံးထိုး၊ မြင်း-၃၅၀
ကျောက်ဖြူ(၂၄-၁၂-၂၀၀၈)			
၁	နွားမှောင်ခိုလှေ	၄၀×၁၂.၆×၄.၆	ဟီးနိုးအင်ဂျင်၊ မြင်း-၁၆၅
၂	သစ်မှောင်ခိုလှေ	၄၂×၁၀×၄	တရုတ်အင်ဂျင်၊ မြင်း-၁၈
၃	နွားမှောင်ခိုလှေ	၃၉×၁၀.၆×၄	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၄	နွားမှောင်ခိုလှေ	၄၃×၁၂.၆×၄	ချန်ချိုင်းအင်ဂျင်၊ မြင်း-၂၀
၅	ခိုင်သန့်ဇင် (ဆန်မှောင်ခိုလှေ)	၄၂×၁၃.၆×၆	ချန်ချိုင်းအင်ဂျင်၊ မြင်း-၂၅
၆	ဆန်မှောင်ခိုလှေ	၄၉.၆×၁၂.၈×၄.၆	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၇	သစ်မှောင်ခိုလှေ	၄၈×၁၀×၂	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၈	နွားမှောင်ခိုလှေ	၄၀×၁၀×၃	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၂
၉	နွားမှောင်ခိုလှေ	၃၈×၁၀×၃	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၁၀	လှစန္ဒာသိန်း	၄၅×၉×၄	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅
၁၁	သစ်မှောင်ခိုလှေ	၅၄×၁၅×၄	မစ်ဆူဘီရှီ(၆)လုံးထိုး၊ မြင်း-၁၂၀
၁၂	နွားမှောင်ခိုလှေ	၆၃×၁၄×၈	(၆)လုံးထိုးအင်ဂျင်၊ မြင်း-၄၅
၁၃	အောင်စိုးပိုင်	၆၇×၁၉×၉	မစ်ဆူဘီရှီ(၆)လုံးထိုး၊ မြင်း-၂၈၀
၁၄	နွားမှောင်ခိုလှေ	၄၀×၁၀×၃	ချန်ချိုင်းအင်ဂျင်၊ မြင်း-၂၅
၁၅	နွားမှောင်ခိုလှေ	၄၉×၉.၆×၂	ဂျင်ဒေါင်းအင်ဂျင်၊ မြင်း-၂၅

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိ ရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး
စစ်ထောက်ချုပ်ရုံး- ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြိတ်ဒေသ- ဖုန်း-၀၅၉-၄၁၈၀၃၊ ၀၃၁-၄၀၀၆၉၊ ၀၃၁-၄၀၀၆၈
ကျောက်ဖြူဒေသ- ဖုန်း-၀၃၂-၃၃၀၂၁၊ ၀၃၂-၃၃၀၂၅
ကော့သောင်းဒေသ- ဖုန်း-၀၅၉-၅၁၆၆၁။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဗိုလ်မှူးကြီးသက်စိုး-ဒေါ်ဖြူဖြူအောင်တို့၏ သားတပည့်
ကလေးမြို့နေ (ဗိုလ်ကြီးစိန်ဝင်းထွန်း)-ဒေါ်ကြည်ကြည်ငွေးတို့၏သား

ဗိုလ်ကြီးနီဝင်းထွန်း B.E (Civil) D.S.T.A

နှင့်

ရန်ကုန်မြို့နေ ဦးငွေးဝေ-ဒေါ်စမ်းသီတာ တို့၏သမီး

မနှင်းသီတာဝေ B.Sc (Maths)

တို့၏ ၁၆-၁၂-၂၀၀၈ရက် (အင်္ဂါနေ့)တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းရီ၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြရင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency တေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်နွဲ့ယဉ်ဝင်း၊ မင်္ဂလာဝတ်စုံ မဖြူဖြူသက် (Sharp Arrow)၊ ပန်းအလှပြင် နီနီ(ပွိုင့်)၊ မိတ်ကပ်နှင့်အလှပြင် ညီညီမောင်(ကန်တော်လေး)၊ ဓာတ်ပုံဗီဒီယို ဟောင်ကောင်မောင်မောင်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မအိဖြိုးပွင့်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မနန်းမေနု၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မငွေးဦးမြင့်၊ သတို့သားအရံ ဗိုလ်ကြီးနေမျိုးထိုက်နှင့် ဗိုလ်ကြီးနေဇော်အေး၊ သတို့သမီးအရံ မပုံ့ပုံ့နှင့် မဖြိုးသန္တာဝင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနီဝင်းထွန်း-မနှင်းသီတာဝေ။

စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ ကျေးဇူးတင်လွှာ

၁၄-၁၁-၂၀၀၈ရက်(သောကြာနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်မင်္ဂလာပွဲ၌ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)နှင့် ဇနီး ဒေါ်စန်းရီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် အောင်မြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြရင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)နှင့် ဇနီး ဒေါ်စန်းရီမြင့်၊ မင်္ဂလာဘိသိက်သွန်းဖြိုးပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာ ကူညီပေးပါသော သူငယ်ချင်းများ၊ ဦးထွေး-မဖြူဖြူသက် (Sharp Arrow)နှင့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနီဝင်းထွန်း-မနှင်းသီတာဝေ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃-သုဝဏ္ဏ)၊ မြေကွက်အမှတ် ၁၀၃/က၂+၁၀၃/ခ၁)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကနှင့် မြေကွက်အမှတ် ၁၀၄၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ သဃ်ၤန်းကျွန်းမြို့နယ်၊ ၂၃ ရပ်ကွက်၊ (သုဝဏ္ဏ)၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၁၀၄ ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအောင်လွင်အောင်၏ တရားဝင်ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ထွန်းပပ ၁၂/သဃက(နိုင်)၀၆၃၆၀၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေများပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် LL.B, DBL, DML, DIL.
ဒေါ်အေးအေးစိုး B.Sc. Hons (IC), HGP, RL, DBL.
အမှတ်-၂၇ (က)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၉-၅၀၁-၇၀၄၄၊ ၂၉၄၈၆၆၊ ၂၉၄၇၆၆။

အဲပုဂံလီမိတက် ပျံသန်းရေးဌာန အပတ်စဉ်(၃) လေယာဉ်မောင် လေယာဉ်မယ်များမှ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒ ဘာသာတို့တွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ဆားလင်းကြီးမြို့နယ် အထကမှ ဦးအောင်မင်း၏ သမီးဖြစ်သူ မမြတ်ပွင့်ဖြူအောင်သည် တက္ကသိုလ်၌ ပညာဆက်လက်သင်ကြားရေးအတွက် အဲပုဂံ လီမိတက် ပျံသန်းရေးဌာနအပတ်စဉ်(၃) မှ လေယာဉ်မောင် လေယာဉ်မယ်များသည် ၎င်းတို့၏ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မမြတ်ပွင့်ဖြူအောင်အား တက္ကသိုလ်ပညာ ပြီးဆုံးသည်အထိ ပညာသင်ထောက်ပံ့ကြေးငွေ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဲပုဂံလီမိတက် ပျံသန်းရေးဌာနအပတ်စဉ်(၃) မှ လေယာဉ်မောင် လေယာဉ်မယ်များက မမြတ်ပွင့်ဖြူအောင်အား ကူညီထောက်ပံ့ကြေးပေးအပ်စဉ်။
(အဲပုဂံ)

မီး

အစဉ်သတိပြု



ရွှေရတုအခမ်းအနား ဖိတ်ကြားလွှာ မြောက်ဥက္ကလာပ

မြောက်ဥက္ကလာပ ဘဟာအီသာသနာ အကျိုးဆောင်အဖွဲ့ကို ၁၉၅၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ယခု ၂၀၀၈ခုနှစ်တွင် နှစ် (၅၀) ပြည့်မြောက်ခဲ့ပါပြီ။ သို့ပါသောကြောင့် ရွှေရတုအခမ်းအနားကို အမှတ် ၃၅၅၊ ဗညားဒလလမ်း၊ တာမွေ၊ ရန်ကုန်မြို့၊ ဘဟာအီသာသနာနေရှင်နယ် အဖွဲ့ချုပ်ခန်းမ၌ ၂၁-၁၂-၂၀၀၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း လေးစားချစ်မြတ်နိုးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဘဟာအီသာသနာ အကျိုးဆောင်အဖွဲ့
မြောက်ဥက္ကလာပမြို့။

အမည်ပြောင်း

အဖ ဦးစံသိန်း၏သား မောင်နေလင်းထွန်း ၁၃/လရန(နိုင်)၁၁၁၈၈၀ အား ယနေ့မှစ၍ မောင်နေမျိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နေမျိုးအောင်။**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံးဖွင့်ပွဲကို ယမန်နေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ်(၆၂/၆၈)ပထမထပ်၌ကျင်းပရာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်ကို(ထာဝရကုမ္ပဏီလီမိတက်)က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်း ဥက္ကဋ္ဌ ဦးဘသန်း(BTရွှေသန့်စင်လုပ်ငန်း) **(အောက်ပုံ)** က အသင်းဖြစ်ပေါ်ဖွဲ့စည်းမှုကို ရှင်းလင်းပြောကြား၍ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်စင်လုပ်ငန်း)က အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံး၌ ရွှေနှင့်သက်ဆိုင်သည့် ရောင်းဝယ်ဖောက်ကားကြသော ကုန်သည်များနှင့် လုပ်ငန်းရှင်များသည် တစ်နေရာတည်းတွင် စုဝေး၍ အရောင်းအဝယ် ပြုလုပ်ကြမည်ဖြစ်သည်။

ထို့အပြင် ရွှေကုန်သည်များနှင့် ရွှေလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်း အသင်းသို့ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အီရန်စားပွဲတင်တင်းနစ် ကစားသမား နိုရှိတ်အလာမီယန် ကမ္ဘာ့အကောင်းဆုံး စားပွဲတင်တင်းနစ်သမားအဖြစ် အရွေးခံရ

တီဟီရန် ဒီဇင်ဘာ ၁၈

အီရန်နိုင်ငံ စားပွဲတင်တင်းနစ်ကစားသမား နိုရှိတ်အလာမီယန်အား ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံးစားပွဲတင် တင်းနစ်သမားအဖြစ် ရွေးချယ်လိုက်ကြောင်း ကမ္ဘာ့စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ဒီဇင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

ရွေးချယ်ထား

ထို့အပြင် အီရန်စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ကလည်း နိုရှိတ်အလာမီယန်အား အီရန်နိုင်ငံ၏ အကောင်းဆုံးစားပွဲတင်တင်းနစ် ကစားသမားအဖြစ် ရွေးချယ်ထားကြောင်း ပြောကြားသည်။

ပထမဆုံးအကြိမ်

နိုရှိတ်အလာမီယန်သည် စားပွဲတင်တင်းနစ်တစ်ဦးချင်းတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ပဥ္စမအဆင့်တွင် ရပ်တည်နေသူဖြစ်သည်။ နိုရှိတ်အလာမီယန်သည် ကမ္ဘာ့အကောင်းဆုံး စားပွဲတင်တင်းနစ်ကစားသမားအဖြစ် ပထမဆုံးအကြိမ် ရွေးချယ်ခံရခြင်း ဖြစ်သည်။

ကစားနိုင်ခဲ့

နိုရှိတ်အလာမီယန်သည် ဂျပန်နိုင်ငံမှ ကမ္ဘာ့နံပါတ်တစ် ဂျူနီယာစားပွဲတင်တင်းနစ်ကစားသမား ကန်တာမာဆူဒါရီရာကို ၄-၂ဖြင့် အနိုင်ရအောင် ကစားနိုင်ခဲ့သူဖြစ်သည်။ နိုရှိတ်အလာမီယန်သည် အသက် ၁၇နှစ်သာရှိသည့် ဂျူနီယာစားပွဲတင် တင်းနစ်ကစားသမားတစ်ဦးဖြစ်သည်။

(အင်တာနက်)

ဘလက်ဘန်းကို ကျောခိုင်းခဲ့ရတဲ့ နည်းပြပေါအင့်စ်

မောင်မောင်မြင့်ဆွေ ရေးသား၍ မြင့်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၁၈

ဘောလုံးအသင်းပိုင်ရှင်တွေက အသင်းအောင်မြင်မှုကို စွမ်းဆောင်မပေးနိုင်တဲ့ နည်းပြတွေကို လက်သံပြောင်စွာ ထုတ်ပစ်နေချိန်မှာ ဘလက်ဘန်းနည်းပြ ပေါအင့်စ်တစ်ဦးလည်း ပါဝင်သွားခဲ့ပြန်ပြီ ဖြစ်ပါတယ်။

ဝမ်းနည်းစွာ

ဘလက်ဘန်းအသင်းရဲ့ အိုဝုဒ်ပက်ခ်ကွင်းမှာ ခြောက်လတာ နည်းပြအဖြစ် တာဝန်ယူခဲ့ရတဲ့ ပေါအင့်စ်ဟာ ရလဒ်ကောင်းတွေ မဆောင်ကြဉ်းပေးနိုင်ခဲ့လို့ ဘလက်ဘန်းဘုတ်အဖွဲ့က ဒီဇင်ဘာ ၁၇ရက်မှာ အသင်းက ထွက်ခွာဖို့ ဝမ်းနည်းစွာနဲ့ပြောကြားခဲ့ရပါတယ်။

ပြောကြား

အသင်းအောင်မြင်မှုမရဘဲ ဝေဖန်ပြစ်တင်မှုတွေနဲ့ ကြုံတွေ့နေရချိန် ပရီမီယာလိဂ်ပွဲစဉ်(၁၇)ကစားပြီးချိန်မှာ တန်းစီဇယား၌ အဆင့်၁၉အထိ ကျဆင်းခဲ့လို့ ဘလက်ဘန်းအသင်း ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဘရောင်းက နည်းပြပေါအင့်စ်ကို ထုတ်ပစ်ဖို့ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

ထုတ်ပစ်ခဲ့

ပေါအင့်စ်ဟာ ဘလက်ဘန်းအသင်းကို ပရီမီယာလိဂ်ပွဲစဉ် ၁၇ပွဲကစားပြီးချိန်မှာ နိုင်ပွဲသုံးပွဲသာရရှိခဲ့ပြီး လေးပွဲသရေ၊ ၁၀ပွဲရှုံးရလဒ်တွေကိုသာ စွမ်းဆောင်နိုင်ခဲ့တာမို့ အရည်အချင်းရှိတဲ့ နည်းပြတစ်ဦးမဟုတ်ဘူးလို့ သုံးသပ်ပြီး ပွဲစဉ်ထက်ဝက်နီးပါးရှိချိန်မှာ ထုတ်ပစ်ခဲ့တာပဲ ဖြစ်ပါတယ်။

ရယူနိုင်ခဲ့

အသက် ၄၁နှစ်အရွယ်ရှိ ပေါအင့်စ်ဟာ ဘလက်ဘန်းအသင်းရလဒ်ကောင်းအောင် မစွမ်းဆောင်နိုင်ခဲ့တာတော့အမှန်ပါပဲ။ ပထမဦးစားပေးပွဲထွက်ကစားသမား ရွေးချယ်နေရာချမှု မှားယွင်းတဲ့အပြင် နည်းဗျူဟာလည်း ကျွမ်းကျင်ပိုင်နိုင်မှု အားနည်းတယ်လို့ သုံးသပ်ခဲ့ပါတယ်။ ဒါပေမယ့် ဘလက်ဘန်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကာလအတွင်းမှာ ဘောလုံးသမားတွေရဲ့ ချစ်ခင်လေးစားမှုကိုတော့ ရယူနိုင်ခဲ့တယ်လို့ဆိုပါတယ်။

ဆက်ထားလို့မဖြစ်

ဒါပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၁၇ပွဲကစားအပြီးမှာ နိုင်ပွဲသုံးပွဲပဲရရှိအောင် စွမ်းဆောင်နိုင်တဲ့နည်းပြတစ်ဦးကို ကျွန်တော်တို့ဘယ်လိုမှ အသင်းမှာ ဆက်ထားလို့မဖြစ်ပါဘူး။ ကျွန်တော်တို့အသင်း လာမယ့်ရာသီမှာ တန်းဆင်းသွားရပါလိမ့်မယ်လို့ ဘလက်ဘန်းအသင်းဥက္ကဋ္ဌ ဂျွန်ဝီလျံက ပြောကြားနေပါတယ်။

အမြန်ဆုံး

နည်းပြ ပေါအင့်စ်ကိုထုတ်ပယ်ပြီးတဲ့အချိန်မှာ လက်ထောက်နည်းပြတွေဖြစ်တဲ့ အာချီနော့၊ ရေးမာသီရက်စ်နဲ့ ကာလ်ရောဘင်ဆင်တို့က ပူးတွဲပြီး အသင်းကိုထိန်းသိမ်းပေးထားဖို့ ဘလက်ဘန်းအသင်းဥက္ကဋ္ဌ ဂျွန်ဝီလျံက ပြောကြားနေပါတယ်။ အခုတော့ ဘလက်ဘန်းနည်းပြအဖြစ် ဆမ်အလာဒိုက်ကို အမြန်ဆုံးအစားထိုးခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

နည်းပြသစ်ဟာ လာမယ့် ဒီဇင်ဘာ၂၀ရက်မှာ စတုတ်အသင်းနဲ့ယှဉ်ပြိုင်ကစားမယ့်ပွဲကစပြီး ကိုင်တွယ်ရမှာဖြစ်ပါတယ်။ နည်းပြ ဆမ်အလာဒိုက်ကတော့ ဘလက်ဘန်းအသင်းကို သူကောင်းကောင်း စွမ်းဆောင်မှုပေးသွားမယ်လို့ ဆိုနေပါတယ်။

မကြိုးစားနိုင်ခဲ့

တကယ်တော့ ထုတ်ပယ်ခြင်းခံရတဲ့ နည်းပြပေါအင့်စ်ဟာ လွန်ခဲ့တဲ့ ခြောက်လကထွက်သွားတဲ့ နည်းပြမာ့ခ်ဟုချ်ရဲ့နေရာမှာ အစားထိုးတာဝန်ယူခဲ့ရတဲ့ နည်းပြတစ်ဦးပါ။ နည်းပြသက်တမ်းနုသေးပေမယ့် ဘလက်ဘန်းအသင်းကို ရလဒ်ဆိုးရွားမှုက ရုန်းထွက်နိုင်အောင် မကြိုးစားနိုင်ခဲ့တာကတော့ ဆိုးရွားတဲ့ စွမ်းဆောင်မှုဖြစ်ပါတယ်။

စိတ်အားထက်သန်

လစ်လပ်သွားတဲ့ ဘလက်ဘန်းနည်းပြနေရာကို ဆမ်အလာဒိုက်၊ အလန်ကာဘစ်ရှလေနဲ့ ဂရေမီဆောင်းနက်တို့ထဲက တစ်ဦးခန့်အပ်ဖို့ ရေပန်းစားခဲ့ပေမယ့် အမှုဆောင်အဖွဲ့ကတော့ ဆမ်အလာဒိုက်ကို တာဝန်ပေးခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ ဆမ်အလာဒိုက်ကလည်း ဘလက်ဘန်းနည်းပြတာဝန်ယူဖို့ စိတ်အားထက်သန်နေသူမို့ အံကိုက်ပါပဲ။

ဒါကြောင့် ဘလက်ဘန်းအသင်းက ထွက်ခွာသွားခဲ့ရတဲ့ ပေါအင့်စ်ကတော့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ နည်းပြတာဝန်ယူဦးမှာ မဟုတ်ဘူးလို့ဆိုနေပါတယ်။ မိမိဟာ နည်းပြနဲ့ထိုက်တန်တဲ့ အရည်အချင်းတွေ ပြည့်ဝအောင် ကြိုးစားရဦးမယ်လို့ပြောကြားနေတာမို့ ပေါအင့်စ်ဟာ ဘောလုံးလောကကနေ နှစ်အတန်ကြာ ကွယ်ပျောက်နေမယ့်သဘောပါပဲ။ နောက်တက်လာမယ့် ဘလက်ဘန်းနည်းပြသစ်ရဲ့စွမ်းဆောင်မှု ဘယ်လိုလဲဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။ **(ကိုးကား-အင်တာနက်)**

အင်္ဂလန်အသင်းကမ္ဘာ့အဆင့် မြင့်တက်လာ၍ ကာပယ်လိုကျေနပ်

လန်ဒန် ဒီဇင်ဘာ ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့ဘောလုံးအသင်းများ၏ အဆင့်သတ်မှတ်ချက်ကို ဒီဇင်ဘာ ၁၇ရက်က ထုတ်ပြန်လိုက်ရာ ပြင်သစ်အသင်းက ကမ္ဘာ့အဆင့်တစ်နေရာသို့ ရောက်ရှိလာသည်။

အဋ္ဌမအဆင့်

အင်္ဂလန်အသင်းမှာ အဋ္ဌမအဆင့်သို့ ရောက်ရှိလာသဖြင့် အင်္ဂလန်နည်းပြကာပယ်လိုက ကျေနပ်လျက်ရှိရာ ယခုထက်ပိုမိုကောင်းမွန်သောအဆင့်ကို လာမည့်လများ၌ ရရှိမည်ဟု ထုတ်ဖော်ပြောကြားသည်။ အင်္ဂလန်အသင်းသည် ယခင်က ကမ္ဘာ့အဆင့် ၁၀နေရာ၌ ရှိခဲ့သည်။ **(အင်တာနက်)**

အာရှာဗင်ကို မန်ယူနှင့် ချယ်လ်ဆီးတို့ စိတ်ဝင်စားနေ

လန်ဒန် ဒီဇင်ဘာ ၁၈

ဇင်းနစ်တိုက်စစ်မှူး အာရှာဗင်အား လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်၌ မန်ယူနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် အပြိုင်ကြိုးစားနေကြောင်း ဇင်းနစ်ကလပ်က ဒီဇင်ဘာ ၁၇ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ခြေစွမ်းပြနိုင်

ယူရို ၂၀၀၈၌ ခြေစွမ်းပြခဲ့သော ရုရှားဘောလုံးသမား အာရှာဗင်သည် ရုရှားအသင်းအတွက် ထူးချွန်စွာခြေစွမ်းပြနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး ထိပ်တန်းကလပ်များက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသူတစ်ဦးဖြစ်သည်။

ဆန္ဒပြင်းပြ

အသက် ၂၇နှစ်အရွယ်ရှိ အာရှာဗင်က ဘာစီလိုနာအသင်းသည် မိမိသွားရောက်ကစားရန် စိတ်ဝင်စားမှုအရှိဆုံးအသင်းဖြစ်ကြောင်း သို့သော်လည်း မန်ယူနှင့်ချယ်လ်ဆီးအသင်းများ၌လည်း မိမိကစားလိုသော ဆန္ဒပြင်းပြလျက်ရှိကြောင်း ပြောကြားသည်။

မန်ယူနည်းပြဖာဂူဆန်ကမူ အခြေအနေကို မိမိတို့စောင့်ကြည့်နေကြောင်း၊ အာရှာဗင်၏ကစားပုံကို မိမိသဘောကျကြောင်း၊ သို့သော် ဆုံးဖြတ်ချက်အလျင်စလိုချမည်မဟုတ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ပို့စ်မောက်ကစားသမား ဒိုင်ယာရာကို ရီးရဲမက်ဒရစ်ကခေါ်ယူ

လန်ဒန် ဒီဇင်ဘာ ၁၈

ပို့စ်မောက်ကစားသမား ဒိုင်ယာရာကို ရီးရဲမက်ဒရစ်အသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့၌ စာချုပ် ချုပ်ဆိုခေါ်ယူသွားမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်ကလပ်က ဒီဇင်ဘာ ၁၇ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ရအောင်ခေါ်ယူ

အသက် ၂၃နှစ်အရွယ်ရှိ ဒိုင်ယာရာကို မန်စီးတီးနှင့် စပါးတို့က ခေါ်ယူရန်ကြိုးစားခဲ့သော်လည်း ရီးရဲမက်ဒရစ်က ရအောင်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့အတူ အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း ပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး တုံ့ဆိုင်းခဲ့မှုကြောင့် လက်လွတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ဒိုင်ယာရာသည် လာမည့် ဇန်နဝါရီ၁ရက်မှစတင်ကာ ရီးရဲမက်ဒရစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ရီးရဲကလပ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက် သတင်းအတိုအထွာ

* **မိမိအနေဖြင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရွေးချယ်ခံရလျှင် ကျေးဇူးအထူးတင်ထိုက်သူမှာ ဆရာကြီးဖာဂူဆန်ဖြစ်ကြောင်း စီရိုနယ်ဒိုကပြောကြားသည်။**
* မန်စီးတီးကလပ်ပိုင်ရှင်များက လာမည့်ဘောလုံးရာသီ၌ ကာကာအား မိမိတို့အသင်း၏ ကစားသမားတစ်ဦးအဖြစ် မြင်တွေ့စေရမည်ဟု ထုတ်ဖော်ပြောကြားသည်။
* **ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်စန်က မိမိသည် မကြာမီလက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ပြန်လာပြီး ချန်ပီယံသရဖူပြန်လည်ရယူရန်ကြိုးစားမည်ဟုဆို၏။**
* ကမ္ဘာ့ကျော်ဘောလုံးသမား မာရာဒိုနာက အင်္ဂလန်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အရေးမလှနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။
* **ကမ္ဘာ့ဂေါက်သီးရိုက် အကျော်အမော် တိုက်ဂါးဝုဒ်က လာမည့်နှစ်၌ အဓိကပြိုင်ပွဲကြီးအချို့ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း၊ ကြွက်သားနာကျင်မှုအားနည်းနေ၍ဖြစ်ကြောင်း ပြောကြားသည်။**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်



ပြိုင်ဘက်ကင်းလက်ဝှေ့ကျော်ဟောင်း လင်းနော့လူးဝစ် ဒေးဗစ်ဟာရေးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် ကမ်းလှမ်း

လန်ဒန် ဒီဇင်ဘာ ၁၈

လက်ဝှေ့အကျော်အမော် လင်းနော့လူးဝစ်သည် အနားယူရာမှ လက်ဝှေ့ပြန်လည်ထိုးသတ်ရန်နှင့် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် ဒေးဗစ်ဟာရေးနှင့် ထိုးသတ်ရန်ကမ်းလှမ်းခဲ့သည်။

ကမ်းလှမ်းခဲ့

ပြိုင်ဘက်ကင်း လက်ဝှေ့ချန်ပီယံဟောင်း လင်းနော့လူးဝစ်သည် ဟာရေးက ဒဗလျူဘီစီလက်ဝှေ့ဘုရင် ဗီတာလီကလစ်ချ်ကိုနှင့် လာမည့်နှစ်ဖွေန်လတွင် ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ပြီးနောက် ထိုကဲ့သို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ လန်ဒန်မြို့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ကြမည့်ပွဲကို အာဆင်နယ်၏ အီမရိတ်အားကစားကွင်းကြီး၌ ကျင်းပရန်စီစဉ်ထားသည်။

အတည်ပြု

လင်းနော့လူးဝစ်သည် ဒေးဗစ်ဟာရေးနှင့် အားချင်းယှဉ်ပြိုင်ထိုးသတ်ရန်ကမ်းလှမ်းခဲ့ကြောင်း ဟာရေး၏ မန်နေဂျာအဒမ်ဘုသ်က အတည်ပြုပြောကြားခဲ့သည်။ လင်းနော့လူးဝစ်သည် ဟာရေးနှင့်ကလစ်ချ်ကိုတို့ ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူညီမှုရရှိပြီးသည်ကိုလည်း သိပြီးဖြစ်ကြောင်း ဘုသ်က ဆက်လက်ပြောကြားခဲ့သည်။ (အင်တာနက်)

THREE FRIENDS CONSTRUCTION CO., LTD.
{ 5% To 10 % Discount }
☆ Modern Furniture (MDF,PLy,Chip,Teak) ☆ Composite ☆ Rollershutter ☆ (Home Renovation) ☆ Architectural Design
(PAE)
☆ 30'x40' RC
☆ဆောက်လုပ်ရေး ပစ္စည်းဈေးနှုန်းများ ကျဆင်းနေသောကြောင့် ယခုအချိန်သည် အိမ်ဆောက်ရန် အသင့်တော်ဆုံး အချိန်ဖြစ်ပါသည်။ ☆
☆ Laminated Floor ☆ Wall Paper ☆ Plaster Board ☆ Plaster Cornice ☆ Gypsum Board.
44A(1) ☎01-201478,294864,298341,299947,396683, 397301, 397302

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး လုပ်ငန်းဖြစ်သော အမှတ်(၂) စက်ရေတွင်းမှ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွှန့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စလေ အထက မြတ်ဆရာပူဇော်ပွဲ

စလေ ဒီဇင်ဘာ ၁၂

စလေ အထက ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီတွင် မြတမာခန်းမ၌ ကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများ ဖုန်း-၀၆၃-၄၀၂၁၃နှင့် ၀၆၃-၄၀၂၁၆တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဆရာစံလမ်း ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းထားမှုကို အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးခွန်မြင့်လွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာပထမပတ် လူထုလမ်းလျှောက်ပွဲ မော်လမြိုင်၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ ၂၀၀၈ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၅နာရီမှစတင်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ ထားဝယ်တံတားလမ်း၊ ကမ်းနားလမ်း၊ အတ္တရံဟိုတယ်၊ ဒိုင်းဝန်ကွင်းလမ်း၊ အနောက်တပ်မြေလမ်းတို့မှ ရာမညအားကစားပြိုင်ဝင်းအထိ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်း အင်အားသုံးသောင်းကျော်တို့ တပျော်တပါး လမ်းလျှောက်ကြပြီး ရာမညအားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဟသ္တာတမြို့နယ်တွင် ဆွေးနွေး

ဟသ္တာတ ဒီဇင်ဘာ ၈

ဧရာဝတီတိုင်း ဟသ္တာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းသည် နိုဝင်ဘာ ၂၈ရက် နံနက် ၁၁နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ဟသ္တာတခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ခိုင်မာရှင်သန်ရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ရေး၊ စာငှားစနစ်၊ ရန်ပုံငွေစနစ်များ စနစ်တကျ ထားရှိဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဟသ္တာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဇလွန်မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အလိုက် ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်များအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းထားသည့် စာအုပ်စုစုပေါင်း ၂၉၄၃ အုပ်ကို ဟသ္တာတမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညွှန့်က မြို့နယ်ဦးစီးမှူးများမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးများက လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး လူကူးတံတား ဖြူး၌ဖွင့်

ဖြူး ဒီဇင်ဘာ ၁၄

ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ဦးရုံးစုကျေးရွာ၌ နွေရာသီလူကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက် နံနက် ၈နာရီက အဆိုပါတံတားထိပ်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်အောင်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားသည် အလျား၁၆၅ပေ၊ အကျယ် ၅ပေရှိပြီး စုစုပေါင်းတန်ဖိုး ငွေကျပ်နှစ်သိန်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဒီဇင်ဘာ ၁ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်က ပညာပေးရှင်းလင်း ပြောကြားစဉ်။ (၁၇၉)

မှုခင်းသတင်း ယင်းမာပင်မြို့နယ်တွင် ပိုင်ရှင်မဲ့သစ်များဖမ်းဆီးရမိ

မိတ္ထီလာ ဒီဇင်ဘာ ၈

မိတ္ထီလာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ တောအုပ်ကြီး၊ တောခေါင်းတို့ပါဝင်သော အဖွဲ့ဝင်ကိုးဦးသည် ပြည်ညောင်ရဲကင်းမှ တပ်ကြပ်ကြီးတင်လှ၊ ဒုတပ်ကြပ်ဇော်ဝင်းတို့နှင့်အတူ နိုဝင်ဘာ၂၂ရက်က ယင်းမာပင်မြို့နယ်ကျပ်စခန်းကြိုးဝိုင်းအတွင်း သစ်မှောင်ခိုများကို ရှောင်တခင်ဝင်ရောက် ဖမ်းဆီးကြသည်။

ဤကဲ့သို့ သစ်များ ရှောင်တခင်ဝင်ရောက်ဖမ်းဆီးရာ ကျပ်စခန်း ကြိုးဝိုင်းအကွက်(၅) ကြက်ချောက်ချောင်းအနီးမှ သစ်အုပ်စု(၁)၃၄လုံး ၁၆ဒသမ၄၂၂၆ တန်၊ အုပ်စု (၂) ခွဲသားနှစ်ချောင်း ၀ဒသမ၅၇၇၈တန်၊ စုစုပေါင်း ၁၇ဒသမ၀၀၄တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည်။ ထိုအဖွဲ့ကပင် အုပ်စု (၁) အင်ကြင်း၊ ပျဉ်းကတိုးသစ်ခုနစ်လုံး ၃ ဒသမ ၁၉၃၁ တန်၊ အုပ်စု(၁) သစ်ငါးလုံး ၃ဒသမ၂၉၉၆ တန်၊ အုပ်စု (၁) ပျဉ်းကတိုး ၁၃လုံး ၁၀ဒသမ၁၈၆၆တန်နှင့် အုပ်စု(၁) ၁၇လုံး ၈ ဒသမ ၄၆တန်၊ စုစုပေါင်းအုပ်စု(၁) ၇၈လုံး ၄၂ဒသမ၁၃၉၈တန် ကာလတန်ကြေးကျပ် ၈၄သိန်းကျော်ဖိုး ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသော သစ်များကို ယင်းမာပင်သစ်ထုတ်လုပ်ရေးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ (၀၈၆)

အမှိုက်များရှင်းလင်း

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပြည်သူ့ဈေးရုံရှေ့ရှိ ရေမြောင်းအတွင်း အမှိုက်များ ရှင်းလင်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၄ ရက်က အမှုဆောင်အရာရှိဦးဌေးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်၌ ကျင်းပမည့် ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ၌ ပါဝင်ပြသမည့် ရန်ကုန်ဂျစ်ကားများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ၊ ပြိုင်ပွဲ နေပြည်တော် ရွာတော်မင်္ဂလာဈေးတွင် ကျင်းပမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ ❖ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် ဒီဇင်ဘာ ၁၈

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုကြောင့် နေ့စဉ်သေဆုံးသူဦးရေ များပြားလျက်ရှိသည်။ မော်တော်ယာဉ်မောင်းနှင်သူများ၏ စည်းကမ်းမလိုက်နာမှု၊ ပြည်သူများက စည်းကမ်းဖောက်ဖျက်မှုကြောင့် ယာဉ်မတော်တဆဖြစ်မှုများလျက်ရှိရာ ပြည်သူများ သတိပြုလိုက်နာစေရန် နေပြည်တော်၌ ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ဖို့အတွက် ပြည်ပပို့ကုန် တိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက တွန်းအားပေးဆောင်ရွက်နေပါတယ်၊ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက် ကုန်ကြမ်းသက်သက်သာသာနဲ့ ရရှိအောင်၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်အောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်နေပါတယ်၊ ဒီလို ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး အားပေးကူညီခြင်းအားဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမှာအမှန်ပါပဲ။

ကျော်ရဲမင်း၏ ဆောင်းပါး ၁၀ နှင့် ၁၁

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

စပါးသိုနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၄င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၄င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

စိုက်ပျိုးမြေဧက ၁၅၀၀၀ ကို အကျိုးပြုမည့် ကျောက်တန်းမြို့နယ်မှ ကဒပွနရေထိန်းတံခါး

ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး ကဒပွနချောင်းပေါ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ကဒပွနရေထိန်းတံခါး ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

➤ သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း - သောင်းမြင့်(သတင်းစဉ်)
➤ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး ကဒပွနချောင်းပေါ်တွင် ကဒပွနရေထိန်းတံခါး စီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က စက်ယန္တရားကြီးများဖြင့် ဤသို့တည်ဆောက်လျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၈

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်(၄)ရပ်အနက်မှ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသော ဦးတည်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာလျက်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၏ အရှေ့မြောက်ပိုင်းရှိ လယ်မြေများကို မိုးတွင်းကာလ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။